# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၈၉)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၁၄–၆–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## “စိန်ရတု မြန်မာ – တရုတ် ချစ်ကြည်ရေး” တေးဂီတဖျော်ဖြေပွဲ ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် ဧည့်သည်တော်များ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**ရန်ကုန် ဇွန် ၁၃**

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်ပြည့် မြောက်မှု ဂုဏ်ပြုအစီအစဉ်အဖြစ် “စိန်ရတု မြန်မာ-တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲ”ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီစဉ်ကျင်းပသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း၊ တရုတ်-မြန်မာ ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တရုတ်နိုင်ငံမှ လာရောက်လုပ်ကိုင်နေကြသည့် စီးပွားရေးကုမ္ပဏီများ၊ သီးခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာမှ လူငယ်များနှင့် ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီးက ရေကင်းတီးလုံးဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီး၊ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ MRTV နှင့် ပြင်ပ တေးသံရှင်စုစုပေါင်း ၁၁ ဦးတို့က မြန်မာ-တရုတ်နှစ်ဘာသာဖြင့် တေးသီချင်းများကို တေးသရုပ်ဖော်အကများနှင့် တွဲဖက်၍ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(CECCM) မှ ဥက္ကဋ္ဌ Mr. Liu Ming က လျှော်ဘေးဒဏ်ထိခိုက်ခံခဲ့ရသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘီလပ်မြေအိတ် ၁၅၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ယင်းနောက် တေးဂီတဖျော်ဖြေပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သံအမတ်ကြီး မစ္စ မာကျားတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ စိန်ရတု မြန်မာ-တရုတ် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲတွင် နာမည်ကြီး မြန်မာ၊ တရုတ် တေးသီချင်းကောင်းများကို ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များကလည်း လိုက်ပါ၍ သံပြိုင်သီဆိုအားပေးကြသကဲ့သို့ MRTV မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးခိုင်မြဲမှုကို ပိုမိုရင်းနှီးနွေးထွေးမှုဖြစ်စေပြီး မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၄ ရက်၊ စနေနေ့။
မန္တလေး နေ့စဉ်

## လျှင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်ရမည်

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်အရ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ဌာနအသီးသီးနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ပညာရှင်များက မြေပြင်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ကြီးကြပ်သူတာဝန်ခံအင်ဂျင်နီယာများနှင့် ကန်ထရိုက်တာများအား ပြုပြင်ရေးနည်းစနစ်များကို နားလည်သိရှိစေရန်နှင့် လုပ်ငန်းခွင်များတွင် စနစ်တကျပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့နည်းပညာဆွေးနွေးပွဲကို Knowledge Sharing အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများပျက်စီးမှု အနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပြီး သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လိမ္မော်ရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို PE (Structure / Construction) ၏ ကြီးကြပ်မှုဖြင့် ပြင်ဆင်ရမည့်နည်းလမ်းအတိုင်း လိုက်နာ၍ Quality Control ထားရှိပြီး အရည်အသွေး စစ်ဆေးမှုများဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများအား ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စဝေးခန်းမ၌ ကျင်းပသည့် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာ (Knowledge Sharing) ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ဦးကျော်သူအောင် Director (Business Development) က Product development for Earthquake Repair Works ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးနေလင်းထက် General Manager of Construction Chemicals Department က Repair & Retrofitting works for damages due to earthquake ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဖူးပွင့်ဖြိုး Senior Sales Solutions Engineer ၊ Project Solutions and Engineering Sales Department က Mapei FRP System for Structure Strengthening Works ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအေးလင်းက လုပ်ငန်းခွင်အတွင်း SOP နှင့်အညီ ပြင်ဆင်ခြင်းအတွေ့အကြုံများမျှဝေခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ခံအင်ဂျင်နီယာ ဦးချမ်းငြိမ်းကိုက အဝါရောင်အဆင့် အဆောက်အအုံနှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များအကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက အပြာရောင်နှင့် လိမ္မော်ရောင်အဆင့် ပျက်စီးမှုများအတွက် ဆောင်ရွက်သင့်သည့် ပြုပြင်နည်းစနစ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်များအလိုက် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက် နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆ လမ်းနှင့် ၆၉လမ်းထောင့် ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ·ထ·က(၁)အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## လမ်းတံတားများပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး



**အမရပူရ ဇွန် ၁၃**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ တံတားလယ်ရပ်ရှိ စစ်ကိုင်း-မန္တလေး လမ်းမကြီးသည် မန္တလေးငလျင်နှင့် မိုးရေချိန်များမှုကြောင့် လမ်းများပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က ရွာသွန်းခဲ့သည့် မိုးရေချိန်ကြောင့် မှန်တန်းရပ်၊ အေးဇရပ်ရပ်ကွက်ထိပ်၊ စစ်ကိုင်း-မန္တလေး လမ်းပေါ်ရှိ ကျုံးကူရေဆိုးထုတ်မြောင်း ပြိုကျပျက်စီးလုနီးပါးဖြစ်နေ၍ ပြန်လည်ပြုပြင်နေသည့် နေရာများသို့ ယမန်နေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဒုတိယ ဌာနမှူး ဦးရဲကျော်စွာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်တေဇ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသီဟ(အမရ)**

## ကျောက်ဆည်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်

**ကျောက်ဆည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို မြို့ဝင်၊ မြို့ထွက်များနှင့် လမ်းဆုံလမ်းခွများတွင် ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့် ဝန်ထမ်းများ၊ ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဇော်ဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မိုးကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်း မော်တော်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များ ပြည့်စုံမှု ရှိ၊ မရှိတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ပိုင်ပိုင်ကျော်**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ၀င်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ၀င်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်

## ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် အလင်းဆောင်သောအကျိုးကျေးဇူးကို ရရှိနိုင်မည်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဇွန် ၁၃

(၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် Park Royal ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သုတစွယ်စုံ စာပေအလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊စာရေးဆရာ၊ဆရာမကြီးများ၊ သုတစွယ်စုံစာပေဆုရပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် သုတစွယ်စုံစာပေ ဆုချီးမြှင့်ပွဲတွင် ဆုရရှိသော ပုဂ္ဂိုလ်များအတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ကောင်းတာကို စဉ်းစား၍ ကောင်းတာကို လုပ်ဆောင်နိုင်ရန် စာပေဖတ်ရှုမှုများ လိုအပ်ပြီး ကြားလူနောက်ပါက သွေးကွဲနိုင်၍ ယနေ့လိုကာလတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းမှု မရှိစေရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဂါရဝေါစ နိဝါတောစ မင်္ဂလာတရားများ သိရှိနိုင်ရန်နှင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ရန် စာပေဖတ်ရှုရန် လိုအပ်ပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကို တန်ဖိုးထားမြတ်နိုးသူ တစ်ဦးဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များစာပေဖတ်ရှုရန် အစဉ်တိုက်တွန်းလျက်ရှိပါကြောင်း။

နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလို ဆုချီးမြှင့်ခြင်း ဖြစ်ပါကြောင်းနှင့် ကလောင်စွမ်းအားဖြင့် တိုင်းပြည်ငြိမ်းချမ်းပြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် သုတစွယ်စုံစာပေ အလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဏ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်း အကြောင်းရင်း၊ ဆုရွေးချယ်ပုံ အဆင့်ဆင့်၊ ဆုရွေးချယ်ရေးအဖွဲ့၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သုတစွယ်စုံစာပေဆုရရှိကြသည့် စာပေပညာရှင် ၁၂ ဦး၏ စာအုပ်သမိုင်းအကျဉ်းတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုတစွယ်စုံ တစ်သက်တာ စာပေဆုရရှိသော ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံစာပေဆုရရှိသော ဆရာနိုင်ဇော်(ရည်ညွှန်းစာပေ)နှင့် ဗိုလ်အေးမြင့်ကြူ (အတ္ထုပ္ပတ္တိစာပေ)တို့အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သိန်းထွန်း(မြဝတီ)(သုတ–ဝိဇ္ဇာ)နှင့် ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာရေး)(အသုံးချသိပ္ပံ)တို့အား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ကျော်ကျော်လှိုင်(သုတ–ဝိဇ္ဇာ)အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက နေဇင်လတ် (ဘာသာပြန်စာပေ)၊ မောင်ခေတ်ထွန်း(စာပဒေသာ)၊ ဟိန်းလတ် (အတ္ထုပ္ပတ္တိစာပေ)၊ ဒေါက်ထွေး (ဆေး/မန်း) (စာပဒေသာ)၊ ကျော်ညွန့်ရည်(သုတ - ဝိဇ္ဇာ)နှင့် ပါမောက္ခဒေါက်တာမြသိန်းဟန် (အသုံးချသိပ္ပံ)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သုတစွယ်စုံစာပေ အလှူရှင်နှင့် ဆုရွေးချယ်ရေး အဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဏ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ပြန်ကြားရေးဝန်ကြီးဌာန၏ လျှော်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၅၀ အား ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၂၀ အား စာကြည့်တိုက်မှ တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သုတစွယ်စုံစာပေဆုရရှိသော ဆရာမောင်ခေတ်ထွန်း၊ ဆရာဟိန်းလတ်နှင့် ဒေါက်တာခင်မောင်ညိုတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ (၁၅)ကြိမ်မြောက် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၆၂ သိန်းကို ပေးအပ်ထောက်ပံ့သည်။ ယနေ့ အခမ်းအနားတွင် သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် ငွေကျပ် ၃၇ သိန်းနှင့် သုတစွယ်စုံ စာပေဆုအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိပုဂ္ဂလိကရုပ်သံလုပ်ငန်းဖြစ်သော Skynet DTH ရုပ်သံလုပ်ငန်းသို့ ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ Senior Chair Women ဒေါ်နန်းမောက်လောင်စိုင်းက Skynet DTH စတင် တည်ထောင်ခဲ့မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဦးစွာရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက "ပြည်သူ့အတွက် စကိုင်းနက်" ဆောင်ပုဒ်နှင့် အညီ ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်သော မီဒီယာလုပ်ငန်းကြီးဖြစ်၍ သက်ဆိုင်ရာ မီဒီယာဥပဒေများ၊ Update ညွှန်ကြားချက်များ၊ မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်နှင့် ကုမ္ပဏီမှ Managing Director ဦးမင်းမင်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စတူဒီယိုများအတွင်း ရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တာမွေမြို့နယ် ရွှေထွဋ်တင်ဝင်းအတွင်းရှိစတူဒီယိုများသို့ သွားရောက်ကြရာ ဒေါ်နန်းမောက်လောင်စိုင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြကြပြီး ရိုက်ကူးရေးလုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။ ရွှေသံလွင်မီဒီယာကုမ္ပဏီသည် Skynet DTH အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ DVB–T2 Free To Air ထုတ်လွှင့်မှုတွင်လည်း MNTV Channel နှင့် Channel 9 ထုတ်လွှင့်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MITV Channel တို့အပြင် ရွှေ FM နှင့် MIR ရေဒီယိုလုပ်ငန်းကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သုတစွယ်စုံတစ်သက်တာစာပေဆုရ ဒေါက်တာခင်မောင်ညိုအား ဆုပေးအပ်ချီးမြှင့်စဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၁၆)မိုင်စစ်ဆေးရေးဂိတ်၊ မြစ်ငယ်-ထုံးဘိုလမ်း၊ တံတားဦးလမ်းပိုင်းတို့အား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက (၁၆)မိုင်စစ်ဆေးရေးဂိတ်၊ မြစ်ငယ်-ထုံးဘိုလမ်း၊ တံတားဦးလမ်းပိုင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး Oriental Highway ဆောက်လုပ်ရေးကုမ္ပဏီရှင်းလင်းဆောင်၍ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းပိုင်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၁၆)မိုင်မှ (၁၃မိုင်/၄ဖာလုံကြား)နှင့် တိုးဂိတ်အနီးဝန်းကျင်တို့တွင် အများပြည်သူအသုံးပြုသည့် လမ်းမကြီးပေါ်တွင် ဖုန်ထခြင်း၊ ရေဝပ်ခြင်းများ၊ ရေတင်ခြင်းများ မဖြစ်ပေါ်စေရေး၊ မြင်ကွင်းလှပကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရန် လမ်းဘေး ဝဲ၊ယာတစ်လျှောက် ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ချက်ချင်းဆောင်ရွက်၍ရသည့် လုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ လမ်းပိုင်းအလိုက်၊ ကဏ္ဍအလိုက်လုပ်ငန်းများ၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ မန္တလေး-ပြင်ဦးလွင် လမ်းပိုင်း (၂၅)မိုင်နေရာတွင် အရိပ်ရသစ်ပင်ကြီးများ စိုက်ပျိုးသွားရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် သော်တာဝင်းဆောက်လုပ်ရေး ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်ကြောရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရေး၊ ယာဉ်စစ်ဆေးခြင်းများ စနစ်တကျဖြစ်စေရေး၊ အမြင်တင့်တယ်သန့်ရှင်းသာယာလှပရေး၊ လမ်းမကြီးပေါ်တွင် ရေဝပ်၊ရေတင်ခြင်းများ မရှိစေရန် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်စေရေး၊ လမ်းဘေး ဝဲ၊ယာ မလွတ်ကင်းသည့် ဈေးဆိုင်များ မရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(အုန်းချော)သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေခန်းများ၊ အရန်စာဖြေခန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု၍ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ကျောက်ဆည်-တံတားဦးလမ်း မိုင်တိုင် ၁၆/၆မိုင်မှ ၁၉/၇မိုင် (၂မိုင်-၆ဖာလုံ)မှုလ ၁၂ပေအကျယ်မှ ၁၈ပေအကျယ် တိုးချဲ့ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










သတင်း စာမျက်နှာ ၄
















# အပူပိုင်းမုန်တိုင်း"ဝူတစ်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၁၃

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အားကောင်းသောအပူပိုင်းမုန်တိုင်း"ဝူတစ်"(WUTIP)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ ၁၉-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။







## အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သော အမျိုးသမီးဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သော အမျိုးသားဘော်လီဘောအသင်းတို့အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁၃**

၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပထမတံခွန်စိုက်ဆုဖလား ရရှိခဲ့သော အမျိုးသမီး ဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သော အမျိုးသားဘော်လီဘော အသင်းတို့အား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ အောင်ပွဲရအားကစားအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။




အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲတွင် အကောင်းဆုံးကြိုးစား ယှဉ်ခဲ့သည့်အတွက် ပထမတံခွန်စိုက်ဆုကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ပြီး အကောင်းဆုံးအားကစားဆုများကိုလည်း ထပ်မံရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သည့် အားကစားသမားများဖြစ်လာအောင် လေ့ကျင့်မှုများကို ယခင်ကထက် ဆတက်ထမ်းပိုး ကြိုးစားလေ့ကျင့်နေရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အားကစားအသင်းမှ အားကစားသမားများနှင့် ထူးချွန်အားကစားသမားများကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအသင်း အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် အုပ်ချုပ်သူမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေအား ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် ကျေးဇူးတင်စကားများပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**


















# လေပြင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ရတနာစေတီဆင်များရှင်ဘုရားနှင့် ဆွမ်းဦးပုညရှင်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများနှင့် စေတီတော်ပုရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ဆွမ်းချက်ရပ် ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရား၊ သကျမီတာသီလရှင်စာသင်တိုက်၊ မိုးညှင်းတောရကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဓမ္မသီလကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများအတွက် ဘိလပ်မြေအိတ် ၁၀၀ အား လှူဒါန်းခဲ့ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီ၌ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ၍ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မေးခွန်း/အဖြေလွှာများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုစဉ်ကာလအတွင်း အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးတို့အတွက် ဌာနအလိုက် ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေးတိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင်ပညာရေးမှူး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များသို့သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျစီစဉ်ဆောင်ရွက်ထားရေး၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဦးပွားစေတီတော်မြတ်ကြီးနှင့် အာနန္ဒာမြတ်စွာဘုရားများသို့ သွားရောက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများကို တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊ သံဃာတော်များ ခေတ္တသီတင်းသုံးရန် ယာယီကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေများ၊ ဘုရားဝင်းအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် အခမဲ့ဆေးပေးခန်းဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ကျင်းပပြုလုပ်ခဲ့သည်။

အားသစ်မာန်ကုမ္ပဏီ၊ ကြံ့ခိုင်ဖောင်ဒေးရှင်းမှ စုပေါင်းသွေးလှူဒါန်းခဲ့ရာ အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို တာဝန်ခံဦးကောင်းမြတ်သူနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ပါမောက္ခ ဒေါက်တာများ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် သွေးလှူဘဏ် တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နီလာဝင်း၊ အထူးကုဆရာဝန် ဒေါက်တာ စုလှိုင်ဦးတို့နှင့် ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူရှင် ၄၅ ဦးအား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ သွေးဖောက်လက်ခံရယူကာ သွေးလှူရှင်များကို အားဆေး၊ အာဟာရဖြည့်စွက်စာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ချမ်းမြေ့(ပြန်/ဆက်)

၀-၀-၀-၀

**စာအုပ်စာပေ လှူမိတ်ဆွေ။**

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေညီလာခံကတောင်းဆို

**နယူးယောက် ဇွန် ၁၃**

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေညီလာခံ အရေးပေါ်အစည်းအဝေး တွင် တာဝန်ရှိသူများက တောင်းဆိုခဲ့ကြောင်း သိရသည်။


ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အလားတူ တောင်းဆိုချက်များကို တောင်းဆိုခဲ့ရာတွင် အမေရိကန်က ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ သည်။ ဂါဇာဒေသတွင် လက်ရှိဒေသခံများ ခံစားနေရသည့် လူမှုဒုက္ခများကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအထွေထွေ ညီလာခံ အရေးပေါ်အစည်းအဝေးတွင်ယခုကဲ့ သို့တောင်းဆိုခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံသဘာပတိ ဖိလီမန်ယန်း က ပြောကြားသည်။ ဂါဇာဒေသတွင် အပစ် အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ထိန်းသိမ်း ထားသည့်ဓားစာခံများကိုလွှတ်ပေးရန် အဆိုပြု ချက်ကို နိုင်ငံနှင့် ဒေသ ၅၀ ခန့်က ပူးပေါင်း တင်သွင်းခြင်းဖြစ်သည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်၊ ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရန်နှင့် အရပ်သား များကို ကာကွယ်စောင့်ရှောက်ရန် ၎င်းအဆို ပြုချက်တွင် တောင်းဆိုထားသည်။

အရပ်သားများအား အငတ်ဘေး ဆိုက်ရောက်စေခြင်းကို လက်နက်အဖြစ် အသုံးပြုခြင်းကို ရှုတ်ချကြောင်းနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် ဂါဇာဒေသခံများထံရောက်ရှိ စေရေးအတွက် သက်ဆိုင်သည့် အဖွဲ့အစည်း များတွင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ အရေးပေါ် အစည်းအဝေးတွင် တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းတောင်းဆိုချက်များကို အစ္စရေးနှင့် အမေရိကန်တို့က ရှုတ်ချခဲ့သည်။

ယခုတောင်းဆိုချက်ကို ဂျပန်အပါအဝင် နိုင်ငံ ၁၄၉ နိုင်ငံက ထောက်ခံခဲ့ပြီး ၁၉ နိုင်ငံက ကြားနေမဲပေးခဲ့ကာ ၁၂ နိုင်ငံက ကန့်ကွက်မဲ ပေးခဲ့ကြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ




INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

## အလုပ်အကိုင်ပေါင်း ၈၀၀၀၀ နီးပါး လျှော့ချရန် အစီအစဉ် ဗီယက်နမ်အမျိုးသားလွှတ်တော် အတည်ပြုလိုက်ပြီဟု ဆို

**ဟနွိုင်း ဇွန် ၁၃**

ဗီယက်နမ်အမျိုးသားလွှတ် တော်သည် ဇွန် ၁၂ ရက်တွင် ကွန်မြူနစ်နိုင်ငံ၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံ အကြီးစားပြုပြင်ပြောင်း လဲမှုများ၏ တစ်စိတ်တစ်ပိုင်း အဖြစ် ပြည်နယ်များနှင့် မြို့များ ကိုပေါင်းစည်းရန်နှင့် နိုင်ငံတော် အလုပ်အကိုင်ပေါင်း ၈၀၀၀၀ နီး ပါးကိုလျှော့ချရန် အစီအစဉ်ကို အတည်ပြုခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အစိုးရသည် နိုင်ငံတော် အသုံးစရိတ်ကို များစွာလျှော့ချ ရန် ရည်မှန်းထားသည့်အနေဖြင့် ဥပဒေပြုသူများက ပြည်နယ်နှင့် မြို့ပြအုပ်ချုပ်ရေး ၆၃ ခုမှ ၃၄ ခုအထိ လျှော့ချရန် မဲပေးခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ဖေဖော်ဝါရီလတွင် အစိုးရက ဝန်ကြီးဌာနနှင့် အေဂျင်စီအရေ အတွက်ကို ၃၀ မှ ၂၂ အထိ လျှော့ချပြီး အလုပ်အကိုင် ၂၃၀၀၀ ဆုံးရှုံးမှုဖြစ်စေခဲ့သည့် နောက်ပိုင်း တွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် စစ်ဆေးရေးအရာရှိများကို ကာကွယ်ရန် မရိန်းတပ်ဖွဲ့ဝင်များနှင့် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်များ အသင့်ရှိနေ

**ဝါရှင်တန် ဇွန် ၁၃**

လော့စ်အိန်ဂျယ်လိစ်မြို့ အေးချမ်းတည်ငြိမ်စေရန်အတွက် နိုင်ငံတော်တပ်ဖွဲ့များ၏ ဥပဒေ စိုးမိုးရေးလှုပ်ရှားမှုကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဟု အမေရိကန်ပြည်ထောင်စု ပြည် တွင်းလုံခြုံရေးဝန်ကြီး ကရစ္စတီ နမ် ယမန်နေ့က ထုတ်ဖော်ပြော ကြားလိုက်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

"ယနေ့ မိမိတို့မှာ ရရှိထား တဲ့ အရင်းအမြစ်တွေက မနေ့က ထက် ပိုများလာပါပြီ။ မနေ့က လည်း အရင်နေ့တုန်းကထက် ပိုများလာခဲ့ပါတယ်။ အရှိန်ရလာ ပြီဖြစ်တဲ့အတွက် မြို့လယ်လမ်း မတွေပေါ်မှာ သာယာအေးချမ်းမှု ရရှိလာသည်အထိ ပိုမိုတိုးမြှင့် သွားမည်" ဟု ၎င်းကပြောကြား ခဲ့သည်။

ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်က ဆန့်ကျင်နေသည့်ကြားတွင် သမ္မတ ဒေါ်နယ်လ်ထရမ့်က လော့စ်အိန် ဂျယ်လိစ်မြို့သို့ တပ်ဖွဲ့များပို့ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းနှင့် ပတ် သက်၍ တစ်နိုင်ငံလုံးတွင် ဆွေး နွေးငြင်းခုန်စရာ ဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ အမေရိ ကန်မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ခန့် သည် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ ဝင် ၄၀၀၀ ခန့်နှင့်ပူးပေါင်းကာ နိုင်ငံတော်ပိုင်အဆောက်အအုံများ နှင့် လူဝင်မှုစစ်ဆေးရေးအရာရှိ များကို ကာကွယ်ရန် အသင့်ရှိနေ ကြောင်း သိရသည်။

**Mon**

## အိန္ဒိယလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ပျက်ကျမှု၌ စီးနင်းလိုက်ပါသူ ၂၄၂ ဦးအနက် တစ်ဦးထူးထူးခြားခြားအသက်ရှင်

**ဒေလီ ဇွန် ၁၃**

ယမန်နေ့က ဖြစ်ပွားသည့် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းရှိ အာမေဒါဘတ်မြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဂက်တ်ဝစ်လေဆိပ် သို့ ပျံသန်းခဲ့သော အဲအိန္ဒိယလေ



ကြောင်းလိုင်းပိုင် ဘိုးရင်းကုမ္ပဏီ လုပ် ၇၈၇ ဒရင်းမ်လိုင်နာ လေ ယာဉ်ပျက်ကျမှု၌ စီးနင်းလိုက်ပါ သူ ၂၄၂ ဦးအနက် အသက် ၄၀ အရွယ် ရာမက်ရှ်ဗစ္စဝပ်ရှ်ကူးမား ဆိုသူ အိန္ဒိယနွယ်ဖွား ဗြိတိန် နိုင်ငံသား ခရီးသည်တစ်ဦး ထူး ထူးခြားခြား အသက်ရှင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြ သည်။

လေယာဉ်ပျက်ကျချိန်၌ အရေးပေါ်ထွက်ပေါက်အနီး ၎င်း ထိုင်နေခဲ့ပြီး ခုန်ချထွက်ပြေးလွတ် မြောက်ခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယ ရဲတပ်ဖွဲ့က အတည်ပြုသည်။

လေယာဉ်ပျက်ကျပြီးနောက် ကယ်ဆယ်ရေးသမားများထံသို့ လမ်းပုံမှန်လျှောက်ပြီးသွားနိုင်ခဲ့ သော ရာမက်ရှ်ဗစ္စဝပ်ရှ်ကူးမားကို အိန္ဒိယပြည်ထဲရေးဝန်ကြီး အစ်ရှား ကိုယ်တိုင်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

"ကျွန်တော်နိုးလာတဲ့အခါ ပတ်ဝန်းကျင်မှာ လူသေတွေပဲရှိ နေတယ်။ ကျွန်တော်ကြောက် လန့်သွားတယ်။ ထပြေးခဲ့တယ်။ လေယာဉ်အစအနတွေနဲ့ ဝန်းရံ နေတယ်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ဆွဲခေါ်၊ လူနာတင် ယာဉ်ပေါ်တင်ပြီး ဆေးရုံကိုပို့ ပေးခဲ့ကြတာပါ" ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

လေယာဉ်သည် ဆေးတက္က သိုလ် ကျောင်းသားများအဆောင် ပေါ်သို့ ပျက်ကျခဲ့ပြီး ကယ်ဆယ် ရေးလုပ်ငန်းများ ဆက်လက်လုပ် ဆောင်နေသေးသဖြင့် သေဆုံးသူ အရေအတွက် ပိုမိုများပြားလာနိုင် ကြောင်း သိရသည်။ **Mon**

## သမိုင်းဝင်ရွှေဒင်္ဂါးများကို ပိုင်ရှင်ကွယ်လွန်ပြီးနောက် လေလံတင် စုစုပေါင်း ယူရို ၃ သန်းကျော် (ဒေါ်လာ ၃ ဒသမ ၄၈ သန်း) ရရှိခဲ့

**ပဲရစ် ဇွန် ၁၃**

ပြင်သစ်နိုင်ငံရှိ အိမ်တစ်အိမ် ၏ နံရံထဲမှ ရှာဖွေတွေ့ရှိခဲ့သော သမိုင်းဝင်ရွှေဒင်္ဂါးများကို ပိုင်ရှင် ကွယ်လွန်ပြီးနောက် ယမန်နေ့က လေလံတင်ရောင်းချရာ ယူရိုသန်း ပေါင်းများစွာဖြင့် ရောင်းချခဲ့ ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုဒင်္ဂါးအားလုံးကို ပဲရစ်မြို့ တွင် ယခုအပတ်အတွင်း ရောင်း ချခဲ့ပြီး စုစုပေါင်း ယူရို ၃ သန်း ကျော် (ဒေါ်လာ ၃ ဒသမ ၄၈ သန်း) ရရှိခဲ့ကြောင်း သက်ဆိုင် ရာလေလံကုမ္ပဏီက အတည်ပြု ကြေညာသည်။ ဒင်္ဂါးများကို ပြင်သစ်နိုင်ငံ အနောက်တောင် ပိုင်းရှိ ကျေးရွာလေးတစ်ရွာတွင် နေထိုင်ခဲ့သူ ပေါလ်နာ့စ်ဆိုသူက ၂၀၂၄ ခုနှစ် သေဆုံးချိန်အထိ စုဆောင်းခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ **Mon**




## အီရန်နိုင်ငံရှိ ပစ်မှတ်များကို အစ္စရေးနိုင်ငံက ပစ်ခတ်တိုက်ခိုက်

**တီဟီရန် ဇွန် ၁၃**

အီရန်နိုင်ငံရှိ ပစ်မှတ်များကို ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် အစ္စရေးနိုင်ငံက ပစ်ခတ်တိုက်ခိုက် ပြီးနောက် အစ္စရေးနိုင်ငံတွင် အရေးပေါ်အခြေအနေကြေညာထား သည်ဟု ကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က အတည်ပြု ပြောဆိုကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

"အစ္စရေးနိုင်ငံက အီရန်ကို တိုက်ခိုက်ပြီးနောက် အစ္စရေးနိုင်ငံ နှင့် ၎င်း၏ ပြည်သူများအပေါ် ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုများ ချက်ချင်းဖြစ်ပေါ်လာနိုင်ကြောင်း" ကတ်ဇ်က ထုတ်ပြန်ချက်တွင် သတိပေးထားသည်။

အီရန်ဘက်ရှိ လှုပ်ရှားမှုအရပ် ရပ်ကို စောင့်ကြည့်ထောက်လှမ်း ကာ အမျိုးသားလုံခြုံရေးအစိုးရ အဖွဲ့အစည်းအဝေးကို တစ်ညလုံး ကျင်းပပြီးမှသာ ယင်းတိုက်ခိုက် မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယူရေနီယမ်သန့်စင်မှုပြုလုပ် နေသော နန်းတက်ဇ်နျူကလီး ယားစက်ရုံအပါအဝင် အီရန်ရှိ အဓိက စစ်ရေးပစ်မှတ်များကို အစ္စရေးဘက်က ဒုံးလက်နက်များ ဖြင့်တိုက်ခိုက်ခဲ့သည်။

ထိုတိုက်ခိုက်မှု၌ အစ္စ လာမ္မစ်တော်လှန်ရေး တပ်မတော် ဦးစီးချုပ် ဟော့စိန်းဆာလာမီ၊ ခါတမ်အယ်လ်အန်ဘီယာ အလယ် ပိုင်း စစ်ဌာနချုပ်ကွပ်ကဲရေးမှူး ချုပ် ဂိုလာမာလီရာရှစ်၊ အီရန် အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲ ဟောင်း နျူကလီးယားပညာရှင် ဖေရေဒွန်းအက်ဘတ်စ်၊ နျူကလီး ယားလက်နက်အစီအစဉ်အကြံပေး မိုဟာမက်မာဒီတီဟီရန်ချီ၊ အီရန် စစ်ဦးစီးချုပ် မိုဟာမက်ဘာဂေရီ တို့ကျဆုံးကာ အီရန်ခေါင်းဆောင် ကြီး အယာတိုလာအလီခါမေနီ၏ အထူးအကြံပေး အလီရှမ်ခါနီ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **Mon**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ




**တောင်တွင်းကြီး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး (campaign)ပြုလုပ်ခြင်းကို တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**



# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ကွန်ဟိန်း ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၂ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဦးခွန်ရဲထွေးက ကလေးငယ်များ အသိပညာဗဟုသုတများရရှိစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာကလူငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ ဗဟုသုတများ တိုးပွားလာစေရန်အတွက် စာပေများ ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း၊ ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – * – *

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက်ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာသတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့်လိုက်လံနှိုးဆော်ခြင်းကို ဇွန် ၁၂ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများစီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေးမီးဖိုဖြင့်ထမင်း၊ ဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရှိရန် စသည့်မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် အသံချဲ့စက်ယာဉ်ဖြင့် နှိုးဆော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

**(မိုးသီး)**

* – * – * – * – * – *




# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

**ကသာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်လှိုင်မြင့်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖောင်းကြွနံပါတ်ပြား လဲလှယ်တပ်ဆင်မောင်းနှင်ခြင်းနှင့် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခြင်းကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက အမှတ်(၂)ရဲစခန်းရှေ့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကသာခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကုန်တင်ယာဉ်၊ လူစီးမော်တော်ယာဉ်ကြီးများ၊ မော်တော်ယာဉ်ငယ်များကို ယာဉ်စည်းကမ်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မောင်းများလိုက်နာရမည့် စည်းကမ်းချက်များ၊ ကားမောင်းသည့်အချိန်တွင် ထိုင်ခုံခါးပတ်များ ပတ်ထားကြရန်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များနှင့် ဖောင်းကြွနံပါတ်ပြား အသစ်လဲလှယ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့သည်။

အသိပညာပေးကာလအတွင်း မော်တော်ယာဉ်ကြီးများ၊ မော်တော်ယာဉ်ငယ်များအနေဖြင့် ဖောင်းကြွနံပါတ်ပြား လဲလှယ်တပ်ဆင်ခြင်း မပြုလုပ်ရသေးပါက အမြန်ဆုံး သက်ဆိုင်ရာဌာနများတွင် ပြုလုပ်ဆောင်ရွက်သွားကြရန်၊ ကသာမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မကြာခဏ စစ်ဆေးသွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်မီးသွေး၊ ကျောက်စိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးကျောက်ခဲ(အရွယ်စုံ၊ ဆိုက်စုံ)၅၆ကီလိုဂရမ်နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Windom တစ်စီးကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာအနီး၌ တရားမဝင် မီးသွေး ၈ ဒသမ ၅၃၂တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ပြင်ဦးလွင်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

**ပြင်ဦးလွင် ဇွန် ၁၃**

မူးယစ်တပ်ဖွဲ့စု(၁၆)(ပြင်ဦးလွင်မြို့)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နောင်ချိုမြို့နယ်၊ လွန်းကျော်ကျေးရွာအနီး ကားလမ်းတွင် အမျိုးသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ရက် နံနက် ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၁၆)(ပြင်ဦးလွင်မြို့)မှ ဒုတိယရဲအုပ်အောင်ထက်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ဆိုင်ကယ်တစ်စီးဖြင့် တွေ့ရှိသူ စိုင်းကျော်မင်းအား စစ်ဆေးရာ ဆာလာအိတ်အတွင်း ပလတ်စတစ်ရောင်စုံဆပ်ပြာခွက်များဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၁၀ ဂရမ်စီပါ ဆပ်ပြာခွက် ၂၈ခွက်၊ အလေးချိန် ၂၈၀ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး ဘိန်းဖြူမှုန့်များအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်သယ်ဆောင်လာသူ စိုင်းကျော်မင်း(၃၂)နှစ် (တောင်သူ၊ အုမ္မတီးကျေးရွာ၊ နောင်ချိုမြို့နယ်)နေသူအား ပိတ်ချင်းမြောင် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၅၇)**

# အိုဘယ့်ချင်းမိုင်(၃)

'ထိုနေ့ နံနက်၊ ငြိမ်းအေးသက်၏
မစွက်နှင်းဖြူ၊ တိမ်ထူမဆိုင်း
တောင်စဉ်ဝိုင်းလျက်၊ တိုင်းသုံးဌာန
နေခြည်ခ၍၊ မြစ်မမဲခေါင်
တံလျှပ်ရောင်ဝင်း၊ လှေတစ်စင်းလည်း
မြစ်တွင်းဆန်ကာ'

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

ထိုနေ့နံနက် ၅ နာရီခွဲခန့်တွင် ကျွန်တော်နှင့် အခန်းဖော် ကိုကျော်နိုင်ဝင်းတို့ အိပ်ရာမှ စောစောထကာ ရေမိုးချိုးပြီး ပစ္စည်းများကို သိမ်းဆည်းကြသည်။ နံနက် ၇ နာရီတွင် ဟိုတယ် စားသောက်ခန်းဖွင့်ပြီဖြစ်၍ စားသောက်ခန်းတည်ရှိရာ မြေညီထပ်သို့ ဆင်းခဲ့ကြသည်။ ကျွန်တော်တို့ စားသောက်ခန်းအတွင်းသို့ ရောက်သောအခါ အခန်းနီးချင်းဖြစ်သည့် ကိုဆံရှည်နှင့် ကိုဘရောင်းတို့ ကြိုတင်ရောက်ရှိနေကြသည်။

နံနက်စာကား ထမင်းဖြူနှင့် တရုတ်ဟင်းလျာများ၊ အသားနှင့် အသီးအရွက်ကြော်များ၊ ထမင်းမစားလိုသူတို့အတွက် နို့၊ ကော်ဖီနှင့် ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်၊ ပေါက်စီ၊ အီကြာကွေးတို့ကို သကြားနှင့်လိုသလို ထည့်၍ သုံးဆောင်နိုင်သည်။ ထို့အပြင် ဖရဲသီး၊ သခွားမွှေး၊ သင်္ဘောသီး စသည့် အသီးအနှံတို့ကိုလည်း ဘူဖေးစနစ်ဖြင့် နှစ်သက်သလို ဖြည့်စွက်စားသုံးနိုင်သေးသည်။ ဤကား ကြယ်လေးပွင့် သို့မဟုတ် ငါးပွင့် အဆင့်ရှိ ဟိုတယ်ကြီးများ၏ ဝန်ဆောင်မှုပင်တည်း။

ကျွန်တော်သည် နံနက်စာအဖြစ် နို့တစ်ခွက်နှင့် ကြက်ဥကြော်တစ်ချပ်ကို ရွေးချယ်ပြီး ဖြည့်စွက်စာအဖြစ် ဖရဲသီးနှင့် သင်္ဘောသီးစိတ်အချို့ကို ယူ၍ စားလိုက်ပါသည်။ သင်္ဘောသီးကို ရွေးချယ်ရခြင်းမှာ ခရီးသွားလျှင် ဝမ်းချုပ်တတ်လေ့ရှိသော ကျွန်တော့်ကျန်းမာရေးနှင့် လိုက်ဖက်ရန် ဖြစ်သည်။ သင်္ဘောသီးက ဝမ်းပျော့၍ ဝမ်းမီးကို အားပေးကာ အစာကို ကြေညက်လွယ်စေသည်ဟု မြန်မာ့ဆေးပညာကျမ်းများက ဆိုသည်ထားမဟုတ်ပါလား။

နံနက်စာသုံးဆောင်ပြီးနောက် ကျွန်တော်နှင့် အခန်းဖော် ကိုကျော်နိုင်ဝင်းတို့သည် အခန်းရှိရာ ဒုတိယထပ်သို့တက်၍ ခရီးဆောင်အိတ်တို့ကို ဆွဲကာ ဓာတ်လှေကားမှတစ်ဆင့် ဆင်းခဲ့ကြသည်။ ကျွန်တော်တို့နည်းတူ အခြားခရီးဖော်များလည်း ခရီးဆောင်အိတ်များကို ကိုယ်စီဆွဲကာ ဟိုတယ်မြေညီထပ်သို့ ရောက်လာကြသည်။ ဟိုတယ်အခန်းသော့များကို မန်နေဂျာထံအပ်နှံပြီးသောအခါ ဧည့်လမ်းညွှန် မသူနှင့် ဖိလီယူ ဦးဆောင်သော ကားဒရိုင်ဘာ သုံးဦးလည်း ရောက်နေပြီဖြစ်သည်။

ထို့နောက် ဟိုတယ်တွင် Check Out ပြုလုပ်ပြီးနောက် ခရီးဆောင်အိတ်များကို ကားပေါ်တင်ကြသည်။ သတ်မှတ်ထားသော ကားတို့တွင် အသီးသီးနေရာယူပြီးနောက် မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံဆုံစည်းရာ နာမည်ကျော် ရွှေတြိဂံ ဒေသသို့ ဦးတည်ထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ စီးလာသော ကားတို့မှာ မကြာမီ မယ်ဆိုင်မြို့ပြင်သို့ ရောက်လာခဲ့သည်။ လမ်းဘေးဝဲ၊ ယာတွင် မှိုင်းညို့ညို့တောင်တန်းများကို နောက်ခံထားသည့် စိမ်းစိုစိုလယ်ကွက်များကို တစ်မျှော်တစ်ခေါ်တွေ့ရသည်။ ကျေးရွာတို့သည် ၄င်းတို့ကို ဝန်းရံထား



မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံဆုံစည်းရာ ရွှေတြိဂံ

သည့် သစ်ပင်ကြီးများ၊ စိမ်းစိုသော လယ်ကွင်းများနှင့်ပန်းရလျက် ကျေးရွာဆိုသော်လည်း လျှပ်စစ်မီးတိုင်များက အစီအရီ။ လယ်ကွက်တို့မှာ ဖြောင့်တန်းသော လယ်ကန်သင်းနှင့် လေးထောင့် စတုရန်းကျလျက် တည်ရှိသည်ကို သတိပြုမိသည်။

ကျွန်တော်သည် လမ်းဘေးဝဲ၊ ယာရှိ စိမ်းလန်းသော လယ်ကွက်များကို ငေးမောရင်း အတွေးစတစ်ခုက ခေါင်းထဲသို့ ဝင်လာသည်။ ၄င်းမှာ ထိုင်းလူမျိုးတို့ အထူးကြည်ညိုလေးစားခြင်းခံရသော ထိုင်းနိုင်ငံ၏ နဝမမြောက် ဘုရင်ကြီး ဘူမိဘောအဒူယာဒက်(Bhumibol Adulyadej)သည် သူ မကွယ်လွန်မီက တိုင်းပြု၊ ပြည်ပြုဆောင်ရွက်ချက်အဖြစ် လယ်ယာမြေများကို လေးထောင့်(စတုရန်း)ဟက်တာကွက်များ ဖော်ဆောင်ခဲ့သည်ဟု ဆိုသည်။ ထိုအဆိုမှာ ယခုကျွန်တော်တို့တွေ့မြင်နေရသည့် အနေအထားနှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။ ထို့ကြောင့် နဝမမြောက် ဘုရင်ကြီးသည် ထိုင်းနိုင်ငံ၏ စက်မှုလယ်ယာတစ်ခေတ်ကို ရှေ့ဆောင်ဦးရွက်ပြုခဲ့သူ တစ်ဦးဆိုပါက မှားအံ့မထင်ပါ။

ကျေးရွာများကား ညီညာဖြောင့်တန်းသော ကတ္တရာလမ်းဘေးတွင် လျှပ်စစ်မီးတိုင်များနှင့် ရွာ၏ ဘာသာရေးအဆောက်အအုံတို့ကား ယိုးဒယားတို့၏ ဟန်အတိုင်း အမိုးကော့လန်လန်နှင့် ရွှေပိန်းချထားသော အဆောက်အအုံများရှိ ခြူးပန်း၊ ခြူးနွယ်များက နေခြည်နုနုတွင် ဝင်းဝင်းတောက်လျက်။ ထို့အတူ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ်အတွင်းရှိ ဂန္ဓကုဋိ ကျောင်းတော်နှင့် ဘာသာရေးအဆောက်အအုံအချို့သည် လေးထောင့်ကုလားကျောင်းခံပုံ၊ အမိုးကော့လန်ပုံ၊ အင်္ဂတေပန်းအမိုးအပြောက် ခြယ်သပုံတို့မှာ ယိုးဒယားဟန်ဖြစ်နေသည်ကို သတိပြုမိလာသည်။ ဤကား မူရင်းတိုင်(Tai) ရှမ်းလူမျိုးတို့၏ အနွယ်တူ ကူးစက်လာသော ယဉ်ကျေးမှုပေတည်း။

တစ်ဖန်တွေးမိသည်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ မီးရထားလမ်း၊ ကားလမ်း ဝဲ၊ ယာဘေးရှိ လယ်ကွက်တို့မှာ အများစုက လေးထောင့်မကျပါ။ လယ်ကန်သင်းတို့ကလည်း မဖြောင့်တန်းပါ။ မျက်မှောက်ကာလတွင် စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာမြင့်မားသော သူတို့နိုင်ငံမှ မျိုးစေ့ထုပ်များ (ဥပမာ-ပြောင်း၊ သခွားနှင့် အခြားပဲမျိုးစေ့များ)ကို ကျွန်တော်တို့ မြန်မာတောင်သူတို့က အားထားနေရဆဲ ဖြစ်သည်။

သူတို့လယ်ကွက်များ စတုရန်းကျနေခြင်းကြောင့် ခေတ်မီစက်ကိရိယာများကို တွင်ကျယ်စွာ သုံးနိုင်သည်။ လွတ်လပ်ရေးရကာစက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၌ ထိပ်တန်းနိုင်ငံဖြစ်ခဲ့သည်။ မျက်မှောက်ကာလတွင် ထိုင်းနှင့် ဗီယက်နမ်တို့က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၌ ထိပ်တန်းနေရာကို ယှဉ်ပြိုင်နေကြသည်။ ကျွန်တော်တို့ ရွှေမြန်မာများက ကြိုးစားရပါဦးမည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၊ ချင်းမိုင်နှင့် ချင်းရိုင်ဝန်းကျင်သည် မှျတသော ရာသီဥတုနှင့် မြေဩဇာကောင်းမွန်သော လယ်ယာမြေများ ရှိနေခြင်းက စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးအနေအထားဖြစ်ကြောင်း လေ့လာမိသည်။

ကျွန်တော် ထိုသို့တွေးနေစဉ် ကျွန်တော်တို့စီးလာသော ဟိုက်အေ့စ်ကားတို့မှာ ကမ္ဘာကျော် မြစ်ဆုံဒေသသို့ ရောက်ရှိလေတော့သည်။ ကျွန်တော်သည် ကားပေါ်မှဆင်းပြီး မြစ်ဆုံဝန်းကျင်တွင် တိုက်ခတ်လာသော လေကောင်းလေသန့်ကို တစ်ဝကြီးရှူလိုက်မိသည်။ ထိုစဉ် အသက်လေးဆယ်ဝန်းကျင်ခန့် သူဌေးဟု ယူဆရဟန်ရှိသူတစ်ဦးသည် အနောက်နိုင်ငံထုတ် ပြိုင်ကားလှလှလေးကိုမောင်း၍ ကျွန်တော်တို့ ကားရပ်ရာနှင့် မလှမ်းမကမ်းတွင် လာရောက်ရပ်လေသည်။ ထိုစဉ် ကျွန်တော်တို့အုပ်စုထဲမှ ဆပ်စလူးမ ရွှေမိသည်ကားပိုင်ရှင်ကို ခွင့်တောင်းကာ မြစ်ဆုံကိုနောက်ခံပြုလျက် ပြိုင်ကားကလေးနှင့် ပို့စ်အမျိုးမျိုးပေးကာ ဓာတ်ပုံတဖျပ်ဖျပ် ရိုက်လေတော့သည်။ ကဲလည်းကဲနိုင်ပါပေ့ ရွှေမိရယ်ဟု ဆိုရမလိုပင်။ ဩော် ... သူလည်း ပုထုဇဉ်ပဲကို။

ကျွန်တော်တို့အဖွဲ့ မြစ်ဆုံရောက်တော့ နံနက် ၉ နာရီ ၁၀ မိနစ်ခန့်။ ထိုနေ့နံနက်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။ နှင်းမြူလည်း မကျ။ နေခြည်နုနုတွင် တိမ်ထုလည်းမဆိုင်းဘဲ အပြာရောင်မိုးသားနောက်ခံတွင် ကောင်းကင်သည် ကြည်လင်သာယာနေ၏။ မလှမ်းမကမ်း နေခြည်နုနုအောက်တွင် မဲခေါင်မြစ်မင်းသည် သိမ်မွေ့ညင်သာစွာ စီးဆင်းနေလေသည်။

## အထိမ်းအမှတ်ကမ္ပည်းတိုင်

ရွှေတြိဂံကမ္ပည်းကျောက်စာတိုင်ကို ထိုင်းဘက်ခြမ်း၌ စိုက်ထူထားသည်။ အလျား ၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၅ ပေခန့် အင်္ဂတေဖြင့် ပြုလုပ်ထားသော ထောင့်မှန်စတုဂံပုံရှိသည်။ အောက်ဘက်ပိုင်းကို လူဝင်၍ ရပ်နိုင်ရန် လိုဏ်သဏ္ဌာန် ပြုလုပ်ထား၏။ ဘေးနှစ်ဖက်တွင် တိုင်သဖွယ် အောက်ခြေမှ ထိပ်အထိ အင်္ဂတေပန်းများ ဖော်ထား၏။ ထိပ်ဘက်၌ အင်္ဂတေအခုံးသဏ္ဌာန် သုံးခုပါရှိသည်။ အလယ်အခုံးတွင် ထိုင်းနိုင်ငံအထိမ်းအမှတ် ရှေ့တည့်တည့်မှ မြင်ရသော ဆင်၏ ဦးခေါင်းပုံဖြတ်ပိုင်းကို နှာမောင်းမြှောက်လျက်အနေအထား အင်္ဂတေရုပ်ကြွပုံဖော်ထားသည်။

ဆင်ဦးခေါင်းပုံအောက်တွင် ရွှေတြိဂံဟူသော စာတန်းကို ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးထိုးထားသည်။ ရွှေတြိဂံ၏ မြန်မာပိုင်အခြမ်းကို အပြာရောင်၊ လာအိုပိုင်းအခြမ်းကို အနီရောင်၊ ထိုင်းနိုင်ငံအခြမ်းကို အဝါရောင်တို့ဖြင့် ကိုယ်စားပြုကာ ထိုအရောင်တို့အပေါ်တွင် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ အလံနှင့် နိုင်ငံအမည်ကို အင်္ဂလိပ်ဘာသာဖြင့် အင်္ဂတေဖောင်းကြွထွင်းထုထားသည်။

ထို့အပြင် ကမ္ပည်းကျောက်စာတိုင်၏ အောက်ခြေသည် လိုဏ်သဖွယ် ဟာလာဟင်းလင်းဖြစ်၍ မဲခေါင်မြစ်၏ မြစ်ညာပိုင်းရှုခင်းကို တိုက်ရိုက်မြင်ရသည်။ ထိုနေရာသည် ကမ္ဘာလှည့်ခရီးသွားတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၊ ဗီဒီယိုဆွဲကြသော နေရာပင်တည်း။ ကျွန်တော် အတွေးကောင်းနေစဉ်ပင် ကျွန်တော်တို့အဖွဲ့မှ ရန်ကုန်သူ သက်မွန်မြင့်သည် ထားဝယ်သား ကိုဆံရှည်ကို အကူအညီတောင်းကာ ပို့စ်အမျိုးမျိုးဖြင့် ဓာတ်ပုံမှတ်တမ်းတင်နေလေတော့သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို မဲခေါင်မြစ်၏ အနောက်ဘက်မှ စီးဝင်လာသော မယ်ဆိုင်ချောင်းဖြင့် ပိုင်းခြားထား၏။ ချောင်းကမ်းနှစ်ဖက်စလုံး၌ပင် ပြိုကျပျက်စီးမှုနည်းအောင် နှစ်နိုင်ငံစလုံးက ကျောက်သားစီထားကြသည်။ ထိုင်းဘက်ကမ်း၌ စက်လှေငယ်များ ဆိုက်ကပ်ထားသော လှေဆိပ်နှင့် အဆောက်အအုံအချို့ကို တွေ့ရသော်လည်း မြန်မာဘက်ကမ်း၌ မတွေ့ရချေ။ သို့သော် မြန်မာဘက်ခြမ်း၏ မြောက်ဘက်တစ်မိုင်ခန့်ဝေးသော နေရာ၌ အနီရောင်အမိုးနှင့် ဘုန်းတော်ကြီးကျောင်းဟု ယူဆရသော အဆောက်အအုံနှစ်လုံးကို ပျပျရေးရေး တွေ့မြင်ရလေသည်။

ထိုင်းဘက်ကမ်း၌ ရေ၏ အရောင်သည် ဝါကြင့်ကြင့်အရောင်ဖြစ်၍ မြစ်ညာပိုင်းမှ စီးဆင်းလာသော မဲခေါင်မြစ်လယ်ကား ပြာလဲ့လဲ့အရောင်ရှိလေသည်။ ရွှေတြိဂံ၏ မဲခေါင်မြစ်အရှေ့ဘက်ကမ်းသည် လာအိုနိုင်ငံဖြစ်၏။ ကုန်းမြင့်ပေါ်၌ တည်ထားသော စေတီသည် မှိုင်းပျပျတောင်တန်းကို နောက်ခံပြုလျက် သပ္ပာယ်စွာ တည်ရှိသည်။ ထို့အပြင် လာအိုဆိပ်ကမ်း၌ ခံ့ညားသော တိုက်တာအဆောက်အအုံတစ်ခုကိုလည်း လှမ်းမြင်နေရသည်။ ထိုစဉ် မြန်မာဘက်ကမ်းမှ စက်လှေကြီးတစ်စီးသည် လာအိုဘက်ကမ်းသို့ ဦးတည်ခုတ်မောင်းနေသည်ကို တွေ့ရသည်။ လာအိုမြစ်ဆိပ်မှ တောင်ဘက်သို့ ကြည့်လိုက်သည့်အခါ မြစ်ကမ်းကို အင်္ဂတေရေထိန်းတမံပြုလုပ်ထားရာ တစ်မိုင်သာသာခန့် ရှည်လျားသည်ဟု မှန်းဆရသည်။ ခေတ်မီအထပ်မြင့်အဆောက်အအုံတို့မှာလည်း ရေထိန်းတမံနှင့်အပြိုင် ရှိလေသည်။

ကျွန်တော်သည် ထိုင်းဘက်ခြမ်းရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးမြော်ရင်း တွေးမိသည်မှာ ထိုင်းတို့သည် ဒေသန္တရအခြေခံသော ခရီးသွားလုပ်ငန်းကို ကျန်ဒေသတွင်းနိုင်ငံများထက် လက်ဦးမှုရယူနိုင်ခဲ့သည်ဟူသော အချက်ပင် ဖြစ်ပါတော့သည်။

**သန်းစိုးအောင်**

# နိုင်ငံတကာ အားကစား သတင်းများ



## လီဝန်ဒေါစကီးနှင့် အဆင်မပြေဖြစ်ပြီး နည်းပြ ပရိုဘီယာ ပိုလန်လက်ရွေးစင်အသင်း နည်းပြရာထူးမှ နုတ်ထွက်

**လန်ဒန် ဇွန် ၁၃**

နည်းပြ ပရိုဘီယာသည် တိုက်စစ်မှူး လီဝန်ဒေါစကီးနှင့် အဆင်မပြေဖြစ်ပြီးနောက် ပိုလန်လက်ရွေးစင်အသင်းနည်းပြရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။

အဆိုပါ နည်းပြသည် တိုက်စစ်မှူး လီဝန်ဒေါစကီးက ၄င်းလက်အောက်တွင် ဆက်မကစားလိုကြောင်း ထုတ်ဖော်ပြောကြားပြီးနောက် ရက်ပိုင်းအကြာမှာပင် ပိုလန်လက်ရွေးစင်အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

နည်းပြ ပရိုဘီယာသည် ပိုလန်လက်ရွေးစင်အသင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၁ပွဲတွင် ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၂)နှစ်အရွယ်ရှိ ပရိုဘီယာက "ကျွန်တော်ပိုလန်လက်ရွေးစင်အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ပါပြီ။ လက်ရှိအခြေအနေအရ လက်ရွေးစင်အသင်း ကောင်းဖို့အတွက် ကျွန်တော် နုတ်ထွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။ (NGB)

## နည်းပြ တူဒေါ ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၁၃**

ဂျူဗင်တပ်အသင်းသည် အသင်းနည်းပြ တူဒေါအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဂျူဗင်တပ်အသင်းအား ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ကိုးပွဲတွင် ငါးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၇)နှစ်အရွယ်ရှိ တူဒေါက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီသစ်မှာ အောင်မြင်မှုများ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဂျူဗင်တပ်အသင်းက ကျွန်တော်ရဲ့ အိမ်ပါပဲ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)




## ဆာနေးအား ဂါလာတာစာရေးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၃**



ဂါလာတာစာရေးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့သည့် တောင်ပံကစားသမား ဆာနေးအား သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဂါလာတာစာရေးအသင်းတွင် ကျောနံပါတ် (၁၀) ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဆာနေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၂၀ကစားပြီး ၆၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်း ထုတ်ပြန်ချက်တွင် "ဆာနေးကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားအသစ်တွေ ထပ်မံခေါ်ယူ အားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## နာပိုလီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု ဒီဘရိုင်း ပြောကြား

**တူရင် ဇွန် ၁၃**

ကွင်းလယ်ကစားသမားသစ် ဒီဘရိုင်းက မိမိအနေဖြင့် နာပိုလီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် နာပိုလီအသင်းသို့ နှစ်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။




ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၂ပွဲကစားပြီး ၁၀၈ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဒီဘရိုင်းက "ကျွန်တော် နာပိုလီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုပေးခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ဇင်ချန့်ကိုအား ခေါ်ယူရန် အေစီမီလန်အသင်း ဆွေးနွေး

**မီလန် ဇွန် ၁၃**

အေစီမီလန်အသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ဇင်ချန့်ကိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်း ဖြစ်သည်။




အာဆင်နယ်အသင်းကလည်း ဇင်ချန့်ကိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (ဝဲပုံ)

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဇင်ချန့်ကိုအား ရရှိအောင်ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## သောမတ်စ်ဖရန့်ကို နည်းပြသစ်အဖြစ် စပါးအသင်း ခန့်အပ်

**လန်ဒန် ဇွန် ၁၃**

စပါးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ သောမတ်စ်ဖရန့်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စပါးအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။



နည်းပြ သောမတ်စ်ဖရန့်သည် စပါးအသင်း၏ ၁၃ ဦးမြောက်နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ သောမတ်စ်ဖရန့်က "ကျွန်တော်အခုလို စပါးအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ကိုစတူလက်စ်ကို ငါးနှစ်စာချုပ်ဖြင့် ဘရိုက်တန်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၃**

ဘရိုက်တန်အသင်းသည် ဂရိကလပ် အိုလံပီယာကို့စ်အသင်း တိုက်စစ်မှူး ကိုစတူလက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၅သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အိုလံပီယာကို့စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် လက်ရှိနွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားသလို နောက်ထပ်လည်း ကစားသမားအသစ်များ ထပ်မံခေါ်ယူသွားဦးမည် ဖြစ်သည်။

(အောက်ပုံ) (NGB)




## 2025 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဇွန် ၂၂ ရက်တွင် စတင်မည်

**မာယော့ကာ ဇွန် ၁၃**

စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mallorca Championships တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၂၂ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Mallorca Championships တင်းနစ်ပြိုင်ပွဲကို ဇွန်၂၂ ရက်မှ ၂၉ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။ (ယာပုံ)

2025 Mallorca Championships တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Mallorca Championships တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချီလီတင်းနစ်ကစားသမား Alejandro Tabilo ဖြစ်သည်။ (NGB)



## ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၅-၆-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၆း၃၀ နာရီ | A | အယ်လ်အာလီ(အီဂျစ်) - အင်တာမီယာမီ(အမေရိကန်) | ——— |




# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**မကွေး ဇွန် ၁၃**

ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီက အလျား ၂၀ ပေ၊ အနံ ၉ ပေရှိ "ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အသိပညာပေးမြေစိုက် ပိုစတာစိုက်ထူပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက မကွေး-တောင်တွင်းလမ်းမကြီး၊ မကွေးပညာရေးဒီဂရီကောလိပ်ရှေ့ (ကြာပန်းအဝိုင်း)တွင် စိုက်ထူခဲ့သည်။

မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုဝင်းနှင့် အဖွဲ့ဝင်များက "ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အသိပညာပေး မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စုပေါင်း၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ဆိုင်ရာ သိကောင်းစရာအကြောင်းများ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာများကို မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားကွင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် စိုက်ထူထားကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသွေးလှူရှင်များကို အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ရောဂါဗေဒအထူးကုဆရာဝန်ကြီး ဒေါက်တာ သက်ထားဆွေနှင့် ဆရာ၊ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် သွေးဖောက်ခြင်းများကို ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကာ သွေးလှူရှင်များကို အာဟာရအစားစာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ သွေးလှူရှင်များက လှူဒါန်းထားသော သွေးအိတ် ၂၁ အိတ်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မြင့်က ပေးအပ်လှူဒါန်းရာ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၆၈)





# အမျိုးသမီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် မြို့နယ်အမျိုးသမီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူး ဒေါ်ဖြူဖြူခိုင်က လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော အဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့

# ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေး ကျွေးမွေး

**ပြင်ဦးလွင် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာလုံအကွာ၊ ရဲရွာရေအားလျှပ်စစ်စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သော ဥပုသ်၊ စနေ၊ တနင်္ဂနွေနေ့များတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများလာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်းလည်ပတ်ခြင်း၊ ဆင်စာဘူဖေးကျွေးခြင်းဖြင့် ကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေစခန်းရှိ ဆင်ကိုးကောင်နှင့် ဆင်ကလေးများအတွက် ဆင်စာဘူဖေး အသီးအနှံများကို လှူဒါန်းကြရာ ဇွန် ၁၂ ရက်က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ မရီမြင့်မေ(ဟိန်းဇမ္ဗူ)မိသားစုက မွေးနေ့အလှူအဖြစ် နံနက်ပိုင်း ဆင်စာအသီးအနှံ ငွေကျပ်တစ်သိန်းဖိုးနှင့် ညနေဆင်စာ အာဟာရစပါးငွေကျပ် ငါးသောင်းဖိုး ကျွေးမွေးလှူဒါန်းသည်။ ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေးကျွေးမွေးလိုပါက ဖုန်း ၀၉-၄၃၀၅၄၀၃၈၊ ဖုန်း ၀၉-၇၅၄၀၅၂၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၄၅)





# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**မိုင်းပျဉ်း ဇွန် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေး ရှင်းလင်းပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းနဝဒေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီ အတွင်းရေးမှူး မြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း၊ အဖွဲ့ဝင်ဥပဒေအရာရှိ ဦးမိုးဇော်အောင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဥပဒေများအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် လမ်းဦးစီးကိုယ်စား အငယ်တန်း အင်ဂျင်နီယာ(၂)ဦးအောင်ကျော်မိုး က လမ်းနယ်၊ လမ်းညွှန်ဆိုင်းဘုတ်များအကြောင်းကိုလည်းကောင်း အသီးသီး အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အသိပညာပေးရှင်းလင်းပွဲအခမ်းအနားသို့ မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အ.ထ.ကကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**ကျောက်ပန်းတောင်း ဇွန် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေး တိုင်းဒေသကြီး၊ ကျောက်ပန်း တောင်းမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန မြို့နယ်မှူးရုံးမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပ သည်။

အဆိုပါ ဝန်ကြီးဌာန၏ နှစ် (၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်း အမှတ် စုပေါင်းသွေးလှူဒါန်းပွဲတွင် ကျောက်ပန်းတောင်းမြို့နယ်မှူးရုံးမှ ဝန်ထမ်းငါးဦးတို့က ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြပြီး အဆိုပါ သွေးလှူရှင်ဝန်ထမ်းများအား မြို့ နယ်ဦးစီးမှူး ဦးစိုးပိုင်၊ ဒုတိယ ဦးစီးမှူးနှင့် ဝန်ထမ်းများက အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ဆေးဝါးများ ထောက်ပံ့ပေး အပ်ခဲ့ကြပြီး သွေးလှူဒါန်းမှုအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကျော်ထူးမြတ်နှင့် တာဝန်ကျဆရာ၊ ဆရာမများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင် ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၆)**





# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ဆေးများထိုးနှံပေး

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဝန်ကြီး ဌာနများမှ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ယမန်နေ့ က ဇမ္ဗူသီရိမြို့နယ်၊ ခတင် (၅၀) ဆံ့ ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

**(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ကာကွယ်ဆေး လာရောက်ထိုးနှံ သည့် နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးမထိုးမီ စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ ကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလင်းပြည့် သိမ်းနှင့် ကျန်းမာရေးဝန်ထမ်း များက ဆောင်ရွက်ပေးခဲ့ကြပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းကို ဇွန် ၁၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကို(မြန်/ဆက်)**

# စာပတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ ၌ ယနေ့ မွန်းလွဲပိုင်းက စာဖတ် ရှိန်မြှင့်တင်ရေးအတွက် ကဗျာ ရွတ်ဆို ပြိုင်ပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်အေးမိုး မိုးမြင့်က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကဗျာ ရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ မြို့မ အခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးက မိမိတို့ ကြိုက်နှစ်သက်ရာ ကဗျာခေါင်း စဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ချီးမြှင့်သည်။ အဆိုပါ ပြိုင်ပွဲသို့ မြို့မ အခြေခံပညာအလယ်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်း သူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင်(မိသနိုးမြေ)**



# မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောခြင်း ကွင်းဆင်းဆောင်ရွက်

**မင်းဘူး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ မွေးမြူ ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အသိပညာပေးဟောပြော ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရေမြက်ကျေးရွာဓမ္မာရုံ၌ ကျင်းပ သည်။

ရှေးဦးစွာ မင်းဘူးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေး လွင်က အဖွင့်အမှာစကားပြော ကြားပြီး ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်လွင်က မြေယာကိစ္စရပ် များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန ခရိုင်ဦးစီးမှူးဒေါက်တာ ရဲနန္ဒ က ကြက်၊ ဝက်၊ နွားမွေးမြူ ကြရမည့်နည်းလမ်းကောင်းများကို လည်းကောင်း၊ မြို့နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါက်တာအောင်မြင့်က မင်းဘူး(စကု)မြို့နယ်အတွင်း ဥစား ကြက်ခြံများနှင့် မွေးမြူထားရှိကြ သည့် အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြ၍ ကြက် မွေးမြူကြသည့် တောင်သူများက မရှင်းလင်းသည်များကို မေးမြန်း ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သည် ကျောက်တန်းကျေးရွာမှ တောင်သူ ဦးဝေဠုအောင်၏ ဥစား ကြက်ခြံသို့ ရောက်ရှိကြရာ ကြက် များ၏ ရောဂါကာကွယ်ကုသမှု အခြေအနေများ၊ ဥ ဥသည့်နှုန်း ထား၊ အစာကျွေးရသည့်နည်း စနစ်များနှင့် ကြက်များ မွေးမြူ ထားရှိမှု အခြေအနေများကို မေး မြန်းပြီး ကြည့်ရှုစစ်ဆေးကာ အား ပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၅၀၄)**



# ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအား စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်

**နတ်မောက် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ စည်ပင်သာယာရေး အဖွဲ့အနေဖြင့် မြို့ပေါ်ရပ်ကွက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သန့် ရှင်းသာယာလှပရေး၊ ရေကြီးရေလျှံ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက် ရှိရာ ယမန်နေ့ နံနက်ပိုင်းက လေး ရပ်ကွက်ပတ်လမ်းရှိ မြေသားရေ နုတ်မြောင်းအား ပြုပြင်ဆောင်ရွက် လျက်ရှိသည်။

အဆိုပါ မြေသားရေနုတ် မြောင်း ပြုပြင်ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မိမိမြို့နယ် အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ် စေရေးနှင့် ရေစီးရေလာကောင်းမွန် စေရေး၊ ရေညစ်ညမ်းမှုများကြောင့် ခြင်ပေါက်ပွားမှုများ မဖြစ်ပေါ်စေ ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေ ရေးအတွက် အလေးထားဆောင် ရွက်ရခြင်းဖြစ်ကြောင်း၊ ရေစီး ရေလာကောင်းမွန်သည့် မြေသားရေ နုတ်မြောင်းများကို အဖွဲ့ပိုင်စက် ယန္တရားများဖြင့် တူးဖော်ပြီး ရေ ပြွန်ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ရေသွား လာမှုအား ပိတ်ဆို့သည့် အမှိုက် သရိုက်များ၊ ချုံနွယ်များ၊ စွန့်ပစ် ပစ္စည်းများ ဆယ်ယူခြင်း လုပ်ငန်း များကို တာဝန်ခံအင်ဂျင်နီယာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ် ကွက်နေ ပြည်သူများက ပူးပေါင်း ၍ ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **(အောက်ပုံ)**

**မူမူစန်း**



# ပြည်သူများကို ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဇွန် ၁၃**

ချို့တဲ့အိမ်ထောင်စုများကို ထောက်ပံ့ငွေနှင့် အခြေခံစားသောက် ဖွယ်ရာများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပ သည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှင့် ပစ္စည်းများ၊ ရပ်ကွက်ပြည်သူအိမ် ထောင်စု ၇၀ တို့အား ထောက်ပံ့ ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန်နှစ် ပြည်၊ ဆီ ၅၀ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ် သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာ ခရင်မ်တစ်ဘူး၊ ထွန်းရွှေဝါလိမ်း ဆေးတစ်ဘူး၊ မျက်နှာသုတ်ပဝါ တစ်ထည်တို့ကို ထောက်ပံ့ပေး ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

သန့်ရှင်းသာယာ မန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။

# မန္တလေးငလျင်နဲ့ ပုထိုးတော်ကြီး



မဟာဝိဇယရံသီပုထိုးတော်ကြီး ငလျင်မလှုပ်မီပုံ။



ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသော ပုထိုးတော်ကြီးပုံ။

ရတနာပူရအင်းဝမြို့တော်ကို စတုတ္ထအကြိမ် ပြန်လည်ပြင်ဆင်ပြီး စိုးစံခဲ့တဲ့ ဘကြီးတော် စစ်ကိုင်းမင်းရဲ့ ကုသိုလ်ဖြစ်တဲ့ မဟာဝိဇယရံသီဘွဲ့ခံ ပုထိုးတော်ကြီးနဲ့ ငလျင်အကြောင်းကို ရှေးဟောင်းသုတေသနအမြင်နဲ့ တင်ပြပါ့မယ်။ မဟာဝိဇယရံသီဘွဲ့ခံ ပုထိုးတော်ကြီးဟာ အမရပူရမြို့တော်ဟောင်းရဲ့ အနောက်ဘက်မှာ တည်ရှိနေပြီးတော့ ထူးခြားချက်များစွာ ပါရှိနေပါတယ်။ စေတီအကြောင်းမစမီ ဒါယကာ ဘကြီးတော်မင်းအကြောင်း စကားချီးအဖြစ် နည်းနည်းတင်ပြပါရစေ။ ဘကြီးတော်မင်းဟာ အမရပူရမြို့တော်သစ်ကို စတင်တည်ထောင်ခဲ့တဲ့ ဘိုးတော်ဗဒုံမင်းရဲ့ မြေးတော်ဖြစ်ပြီး ဖခမည်းတော်ကတော့ မဟာမုနိရုပ်ရှင်တော်ကို ရခိုင်ကနေ ပင့်ဆောင်ခဲ့တဲ့ အိမ်ရှေ့မင်း သီရိမဟာဓမ္မာဘိဓေ မဟာသီဟသူရဖြစ်ပါတယ်။ ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေ့မင်းကွယ်လွန်သောအခါ သားကြီးဖြစ်သူ စစ်ကိုင်းမင်းသားကို ဘိုးတော်ဗဒုံမင်းက အိမ်ရှေ့စံအဖြစ် ဆက်လက် ခန့်ထားခဲ့ပါတယ်။ အဲ့ဒီနောက် ကုန်းဘောင်ခေတ်ရဲ့ နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်တဲ့ ဘိုးတော်ဗဒုံမင်းဟာ နန်းစံသက် ၃၇ နှစ်အကြာ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်၌ နတ်ပြည်စံသောအခါ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားဟာ အမရပူရရွှေမြို့တော်မှာ ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့ပါတယ်။ ထီးနန်းဆက်ခံပြီးနောက် ခမည်းတော် အိမ်ရှေ့မင်းတည်ထားခဲ့သော ကျောင်းတော်ရာဟောင်းနေရာတွင် အချင်းဖိနပ်တော် သံတောင် ၁၂၀၊ ဉာဏ်တော်အမြင့် သံတောင် ၁၂၀ ရှိသော ကုသိုလ်တော် စည်းခံစေတီတော်တည်ရန် စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့ပါတယ်။ ဘကြီးတော်ရဲ့ ခမည်းတော် အိမ်ရှေ့မင်း အဲ့ဒီနေရာမှာ တည်ဆောက်လှူဒါန်းခဲ့တဲ့ ကျောင်းတော်ကြီးဟာလည်း တခြားကျောင်းတွေနဲ့ မတူဘဲ ကျောင်းတော်ကြီး တစ်ခုလုံးရဲ့ အောက်ခြေတိုင်များအားလုံးကို အုတ်နဲ့ငုံပြီး ကလာပ်ခုံသဖွယ် တည်ဆောက်ခဲ့ပါတယ်။ ဒါ့ကြောင့် တခြားကျောင်းများလို ကျောင်းအောက်ဝင်လို့မရတော့တဲ့ တစ်ခုတည်းသော ထူးခြားတဲ့ ကျောင်းကြီးတစ်ဆောင်အဖြစ် အမရပူရခေတ်မှာ မှတ်တမ်းဝင်ခဲ့ပါတယ်။ အဲ့ဒီကျောင်းရဲ့ပုံကို ပုဂံမင်းရဲ့ ကောင်းမှု မဟာသကျရံသီဘွဲ့ခံ တောင်သမန်ကျောက်တော်ကြီးရဲ့ အရှေ့မျက်နှာက အာရုံခံအဝင်မုခ်ရဲ့ အနောက်ဘက်နံရံမှာ ရေးဆွဲထားတာကို သွားရောက်လေ့လာနိုင်ပါတယ်။ ဘကြီးတော် စစ်ကိုင်းမင်းဟာ သူ့ရဲ့ကုသိုလ်တော် စေတီတော်ကြီးကို ပုဂံခေတ် အနော်ရထာနှင့် ကျန်စစ်သားမင်းတို့၏ ကောင်းမှုဖြစ်သော ရွှေစည်းခုံစေတီတော် ပုံစံအတိုင်း ရည်ရွယ်ပြီး တည်ဆောက်ခဲ့ပါတယ်။ ထို့နောက် ပုဂံခေတ် အလောင်းစည်သူမင်းကြီးရဲ့ သားတော်ကြီး မင်းရှင်စော၏ ထွန့်တုံးပုတက်(ခေါ်)ပုတကမြို့ဟောင်းအနီး တောင်ပို့အတွင်းမှ ရရှိသော ဓာတ်တော်များ၊ ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော ဆင်းတုတော်များ၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတို့ကို စေတီတော်ကြီးမှာ ဌာပနာခဲ့ပါတယ်။ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်တွင် ထီးအဝ ၁၂ တောင်၊ ငှက်မြတ်နားတော်အထိ အမြင့် ၁၈ တောင်ရှိသော ရွှေထီးတော်အထွတ် တင်လှူပြီးနောက် ကုန်းဘောင်မင်းဆက်တို့၏ အစဉ်အလာအတိုင်း ဘကြီးတော်မင်းရဲ့ မွေးနံတော် သောကြာနေ့ကို အညွှန်းအုပ်၍ 'မဟာဝိဇယရံသီ'လို့ ကမ္ပည်းတပ်တော်မူခဲ့ပါတယ်။

စေတီတော်ကြီးကို သာမန်လေ့လာမယ်ဆိုရင်တော့ ဘာမှ မထူးခြားသလို မြင်နိုင်ပါတယ်။ ဒါပေမဲ့ သုတေသနအမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ ယဉ်ကျေးမှုတန်ဖိုး ကြီးမားလွန်းတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ပထမဆုံး စေတီတော်ကြီးရဲ့ အပြင်ရှုထောင့်ကနေ တင်ပြရမယ်ဆိုရင် စေတီတော်ကြီးရဲ့ အောက်ခြေပန်းတင်ခုံတော်ရဲ့ ထောင့်လေးထောင့်မှာ လွန်စွာ လက်ရာမြောက်လှတဲ့ ခြင်္သေ့ကြီးတစ်ကောင်စီ ပါရှိပါတယ်။ အဲ့ဒီခြင်္သေ့ကြီးတွေဟာ အမရပူရခေတ်ရဲ့ စံလက်ရာအဖြစ် အချိုးအစား သွင်ပြင်ဟန်ပန်နဲ့ အနုအလှအင်္ဂတေပန်းလက်ရာများကို မူလအတိုင်း လေ့လာနိုင်ပါတယ်။ သူတို့ရဲ့ ခြေသည်း၊လက်သည်းနဲ့ အစွယ်တွေကိုလည်း စကျင်ကျောက်ဖြူနဲ့ ဖန်တီးပြုလုပ်ထားပါတယ်။ အဲ့ဒီခြင်္သေ့တွေကို အတွင်းသွင်းပြီး စိန်တောင်၊စိန်တန်းများဖြင့် စေတီတော်တစ်ဆူလုံးကို ပတ်ရံထားပါတယ်။ စိန်တောင်တစ်ခုချင်းစီရဲ့ အပြင်ဘက် မျက်နှာပြင်တိုင်းမှာ တစ်ခုနဲ့တစ်ခု လက်ရာချင်းမတူတဲ့ အင်္ဂတေ ပန်းတော့ ဖောင်းကြွပန်းတွေကို အသေးစိတ်လေ့လာနိုင်ပါတယ်။ ဒီနေရာမှာ စဉ်းစားစရာတစ်ခုက တခြားစေတီတွေမှာ စိန်တောင်ရံတာ သိပ်မတွေ့ရဘဲ ပုထိုးတော်ကြီးကျမှ ဘာလို့ရံထားတာလဲ။ ထူးခြားမှုတစ်ခုအတွက် အကာအကွယ် ဖြစ်အောင်လို့ပါ။ အဲ့ဒီထူးခြားမှုကတော့ ပုထိုးတော်ကြီးမှာ ပထမပစ္စယံကစပြီး တတိယပစ္စယံအထိ ပစ္စယံလယ်တွေမှာ စကျင်ကျောက်ကို ဖောင်းကြွထွင်းပြီး မြှုပ်ကပ်ထားတဲ့ ၅၅၀ ဇာတ်တော်ကွက်များနဲ့ ရှစ်မြှောင့်လည်မှာ ဇာတ်ကြီး ၁၀ ဘွဲ့နဲ့ နှစ်ကျိပ်ရှစ်ဆူ ရုပ်ကြွတွေကို အလှဆင်ထားလို့ပါ။ ဒိုပြီး လေးစားစရာကောင်းတာက အဲ့ဒီစကျင်ကျောက်ရုပ်ကြွတွေမှာ ဇာတ်တော်အမည်နဲ့ ဇာတ်တော်အမှတ်စဉ်တွေကိုပါ စနစ်တကျ ထုထွင်းလို့ ပထမပစ္စယံက တနင်္ဂနွေထောင့် စတင်ပြီး အစဉ်လိုက် မြှုပ်နှံအလှဆင်ထားပါတယ်။ အဲ့ဒီကျောက်ရုပ်ကြွတွေကို တစ်ခုချင်း ဂရုတစိုက် အသေးစိတ်လေ့လာကြည့်ရင် အမရပူရခေတ်ရဲ့ ယဉ်ကျေးမှုကို တစေ့တစောင်း တွေ့ရပါတယ်။ အဲ့ဒီခေတ်ရဲ့ ဝတ်စားဆင်ယင်ပုံ၊ ခရီးသွားလာပုံ၊ တိရစ္ဆာန်များပုံ အသုံးပြုခဲ့ကြတဲ့ ယာဉ်ရထားစသည်ဖြင့် အများကြီးပါ။ အထူးသဖြင့် ရှစ်မြှောင့်လည်မှာ အလှဆင်ထားတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ ရုပ်ကြွတွေမှာ အဆောက်အအုံပုံ၊ နန်းတော်ပုံ၊ အလွှာလိုက် လူတန်းစားများရဲ့ ဓလေ့စရိုက်များကို အသေးစိတ်လေ့လာနိုင်ပါတယ်။ ပုဂံခေတ်ကစလို့ အမရပူရခေတ် ဘိုးတော်ဗဒုံမင်းတိုင်အောင် စေတီတော်တွေရဲ့ ပစ္စယံလယ်တွေမှာ မြေမီးဖုတ်ရုပ်ကြွတွေ၊ စဥ့်ကွင်းတွေ အလှဆင်လေ့ရှိခဲ့ပြီး ဘကြီးတော်မင်းကတော့ သူများနဲ့မတူစေဘဲ တာရှည်ခံအောင် စကျင်ကျောက်ဖြူကို ရုပ်ကြွထွင်းလို့ အလှဆင်ခဲ့ပါတယ်။ သူ့အရင်ကလည်း မရှိခဲ့သလို သူ့နောက်ပိုင်း ဘုရင်များလည်း မလုပ်ခဲ့ကြတော့ သမိုင်းမှာ ဘကြီးတော်မင်းတစ်ပါးသာ စကျင်ကျောက်ထွင်း ရုပ်ကြွတွေ ဘုရားပစ္စယံမှာ အလှဆင်ခဲ့သူအဖြစ် မှတ်တမ်းဝင်သွားတာပေါ့။ ထိုနည်းတူ ပုထိုးတော်ကြီးကလည်း မြန်မာနိုင်ငံမှာ တစ်ဆူတည်းသော စကျင်ကျောက်ထွင်းရုပ်ကြွတွေ အလှဆင်ထားတဲ့ ဘုရားစေတီရယ်လို့ သမိုင်းတွင်ပြီပေါ့။ အဲ့ဒီလို မှတ်တမ်းဝင်ပြီး သမိုင်းတွင်လို့လည်း ပသာဒအစိတ်အပိုင်းအဖြစ်သာမက အကာအကွယ်သဘောမျိုး စိန်တောင်၊ စိန်တန်းတွေကို ထည့်သွင်းဆောက်လုပ်ခဲ့တယ်လို့ သုံးသပ်နိုင်ပါတယ်။

နောက်ထပ်ပြီး ဝိတ္ထာချဲ့ရရင် ပထမပစ္စယံနဲ့ ရင်ပြင်တော်ကို မကားရံလှေကား တပ်ဆင်ထားသလို မကားရံမေးထောက်အဖြစ် ပင်လယ်ဖားကိုလည်း လက်ရာမြောက်စွာ ထုလုပ်ထားပါတယ်။ ပထမ ပစ္စယံထက်မှာတော့ ဘုံပြာသာဒ် အထွတ်တင်ထားတဲ့ နတ်မုခ်ပါရှိပြီး နတ်မုခ်အခြေမှာတော့ သားချောင်းခြင်္သေ့(Crouching Lion)ရုပ်လေးတွေကို ချစ်စဖွယ် ဝဲ၊ယာတစ်ရုပ်စီ ထည့်သွင်းလို့ အလှဆင်ထားပြန်ပါတယ်။ အဲ့ဒီကနေ အပေါ်ပစ္စယံနှစ်ဆင့်ကို နတ်လမ်းလှေကား ဆက်လက်တပ်ဆင်ထားပြီး ပစ္စယံထိပ်မှာတော့ နည်းနည်းငယ်တဲ့ သားချောင်းခြင်္သေ့လေးတစ်ရုပ်စီ အလှဆင်ထားပါတယ်။ အဲ့ဒီအစီအစဉ်အတိုင်း လေးမျက်နှာမှာ ပါရှိပါတယ်။ ပစ္စယံထောင့်များမှာတော့ အခြားစေတီတော်များလိုပဲ ကြာသွတ်အိုးနဲ့ စေတီရံတစ်ဆူစီ ပါရှိပါတယ်။ စေတီတော်ရဲ့ ခေါင်းလောင်းတော်ရဲ့ ရင်ဖွဲ့တော်အောက်မှာ ဘီလူးပန်းကိုက် ရုပ်ကြွများနဲ့ အထက်မှာတော့ ညောင်ရွက်စိန်လေးတွေ အလှဆင်ထားပါတယ်။ အခုတင်ပြခဲ့တဲ့ ခြင်္သေ့ရုပ်၊ မကားရံ၊ နတ်မုခ်၊ ကြာသွတ်အိုး၊ စေတီရံ၊ ဘီလူးပန်းကိုက်နဲ့ ညောင်ရွက်စိန်အားလုံးမှာ အနုစိတ်အလှဆင် မွမ်းမံထားတဲ့ အင်္ဂတေ ပန်းတော့လက်ရာများဟာ အလွန်အဖိုးတန်တဲ့ အမရပူရခေတ် မူလလက်ရာများ ဖြစ်ပါတယ်။

တက္ကသိုလ်များမှာ ပညာသင်ကြားနေကြတဲ့ ကျောင်းတော်သားတွေရဲ့ မဟာဝိဇ္ဇာလို ဘွဲ့လွန်ဒီဂရီများအတွက် အလွန်အားထားရတဲ့၊ ကိုးကားရတဲ့ အမွေအနှစ်များ ဖြစ်ပါတယ်။ ကျွန်တော်တို့ လေးစားရတဲ့ မြန်မာမှုသုတေသီ ဒီဇိုင်း ဦးအေးမြင့် အမြဲတမ်းလေ့လာသင်ယူ ကိုးကားနေတဲ့၊ အရေးပါတဲ့ ဘုရားတစ်ဆူပေါ့။ သူရေးဆွဲခဲ့တဲ့ တံဆိပ်ခေါင်းတွေ၊ ငွေစက္ကူပေါ်က ခြင်္သေ့ရုပ်ဒီဇိုင်းတွေဟာ မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားက အင်္ဂတေပန်းတော့လက်ရာတွေလို့ ဆိုနိုင်ပါတယ်။ အဲ့ဒီလို ထူးခြားတဲ့လက်ရာ အမွေအနှစ်များနဲ့ တန်ဆာဆင်ထားတဲ့ ပုထိုးတော်ကြီးဟာ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရပါတယ်။ ကမ္ဘာစစ်၊ ပြည်တွင်းစစ်၊ သဘာဝဘေးဒဏ်၊ မနုဿဘေးဒဏ်အစုံကို အောင်မြင်စွာ ရင်ဆိုင်ခဲ့ပါတယ်။ အထူးသဖြင့် အဖျက်စွမ်းအားကြီးမားတဲ့ ၁၂၀၀ ပြည့် ငလျင်နဲ့ ၁၉၅၆ ခု စစ်ကိုင်းငလျင်တို့ကိုလည်း ကြုံတွေ့ရပြီး ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ထိုက်သင့်တဲ့ ပျက်စီးမှုတွေရှိခဲ့သော်လည်း ဖီးနစ်ငှက်များလို မီးပုံထဲကနေ ပြန်လည်ရှင်သန် ထမြောက်ခဲ့ပါတယ်။ အထူးသဖြင့် အရွယ်အစားနဲ့ ဉာဏ်တော်ကြီးမားလှတဲ့ ထီးတော်ကြီးဟာ မကြာခဏဆိုသလို လေပြင်းဒဏ်ကြောင့် မြေခခဲ့တဲ့အတွက် ထီးတော်ကို အသစ်လဲလှယ်တင်လှူခဲ့ရပါတယ်။ အဲ့ဒါကြောင့် လူနောက်အချို့က ပုထိုးတော်ကြီးဟာ ငါးနှစ် တစ်ကြိမ်လောက် ဝါးသက်န်းကပ်လေ့ရှိတယ်လို့တောင် အပြောင်အပျက် ဝေဖန်ခြင်းခံခဲ့ပါတယ်။ သို့သော် ယဉ်ကျေးမှုအနုလက်ရာ အမွေအနှစ်တွေကတော့ တာဝန်ကျေပြွန်စွာ သုတေသီတို့ကို ငံ့လင့်နေဆဲ ဖြည့်စွမ်းပေးနေဆဲ ဖြစ်ခဲ့ပါတယ်။

အခုလည်း (၂၈-၃-၂၀၂၅)ရက်နေ့မှာ လှုပ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးဟာ ပုထိုးတော်ကြီးကို တိုက်ခိုက်ဖျက်ဆီးခဲ့ပြန်ပါပြီ။ ဒီတစ်ခါတော့ ပုထိုးတော်ကြီးဟာ နည်းနည်းအထိနာခဲ့ရပါတယ်။ နောက်ပြီး ဒီငလျင်ကြီးဟာ အကောင်းကြိုက်ပုံလည်းရတယ်။ တကယ့်ကို ကောင်းပေ့၊ လှပေ့၊ အနုပညာလက်ရာမြောက်ပေ့ဆိုတဲ့ ဘုရား၊ ပုထိုး၊ စေတီတော်တော်များများကို ဖျက်ဆီးခဲ့လို့ပါ။ ပုထိုးတော်ကြီးကိုလည်း စိန်ဖူးတော်ကနေ အောက်ဆုံးဖောင်းရစ်အထိ ဖျက်ဆီးပြီး စေတီတော်ရဲ့ တောင်ဘက်ခြမ်းတစ်လျှောက် ဆွဲချလို့ ပျက်စီးခဲ့ပြန်ပါပြီ။ ဒီတော့ တောင်ဘက်မျက်နှာက အမွေအနှစ်တွေ အားလုံးနီးပါး ပျက်စီးခဲ့ရပါတယ်။ အထူးသဖြင့် နတ်လမ်း၊ နတ်မုခ်၊ သားချောင်းခြင်္သေ့ရုပ်၊ မကားရံလှေကားနဲ့ စကျင်ရုပ်ကြွတွေ ပျက်စီးခဲ့မယ်လို့ ခန့်မှန်းရပါတယ်။ အပျက်အစီးတွေ ရှင်းလင်းလိုက်ရင်တော့ အတိအကျ သိလာရမှာပါ။ မဟာဝိဇယရံသီပုထိုးတော်ကြီးဟာ တင်စားပြီးရေးဖွဲ့ခဲ့သလို ဖီးနစ်ငှက်လေးပါ။ အင်အားပြင်းငလျင်ဘေးဆိုတဲ့ မီးပုံကြီးထဲကနေ ရုန်းကန်လို့ ရှင်သန်လာဦးမယ်လို့ ယုံကြည်ပါတယ်။ **'တစ်ယောက်အား ယူသော်မကြွ၊ တစ်သောင်း အားယူသော်ရ'**ဆိုတဲ့ ဆိုရိုးစကားအတိုင်း ကျွန်တော်တို့ရဲ့ တန်ဖိုးကြီးပြီး လက်ရာမြောက်ကာ ရှားပါးလှတဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းလို့ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ အချိန်တန်ပါပြီလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။

**ကျမ်းကိုး - ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ဦးခင်မောင်တင်)**
**- ကွင်းဆင်းသုတေသနမှတ်တမ်း(ရှေး/သု)**

ရက္ခိတ(ရှေး/သု)

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြပြီး အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကို ပြောကြားပြီး တက်ရောက်လာသော ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရာထူးတိုးစာမေးပွဲ သွားရောက်ဖြေဆိုမည့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင် နှစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကိုဗစ်အန္တရာယ် ဝိုင်းဝန်းလို့ကာကွယ်

* တစ်ကျော့ပြန် ကိုဗစ်ရယ်ကြောင့်
မပေါ့ရန် အသိလေး
သတိပေးချင်တယ်
အပြင်ထွက်ရင် Mask ကို တပ်ပါဗျ
အပိုမမှတ်ကြစေ တကယ်။

* လိုအပ်ရင်
ဟန်းဂျယ်ကို ဆောင်ကာထား
အပြင်သွားလို့ ပြန်လာရင်
အမှန်ပင် လက်ကိုဆေးပါဗျ
မနေးမြန်စွာ။

* တစ်ကိုယ်ရေ သန့်ရှင်းမှု
ပြုသင့်ကြရာ
ဖြစ်နိုင်ရင် လူထုရာ ရှောင်ပါကွဲ့
သူသူငါ များပြည်သူတို့
ထားညီတူ အသိတရားနဲ့ကွယ်
ဝိုင်းကူစို့လား။ ။

ချစ်ဝေ(ခေမာမြေ)

## လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**ရှာင် ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားလျော့နည်းပပျောက်စေရေး အသိပညာပေး Talk Show ကို ဇွန် ၁၂ ရက် နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က Talk Show ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏အသက်အရွယ်နှင့် ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်ဖြင့် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်နီနီမြင့်က ကလေးသူငယ်များ၏ အခွင့်အရေးဆုံးရှုံးနစ်နာမှုဆိုင်ရာ အကြောင်းအရင်းများ၊ ကလေးအလုပ်သမားဆိုင်ရာ အရေးယူဆောင်ရွက်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ ကလေးသူငယ်များအပေါ် မတရားညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မခိုင်းစေမှုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ချမှတ်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်၊ ငွေဒဏ်များ စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
(၃၃၈)



*-*-*-*-*-*
*-*-*-*-*-*-*

သင့်ကျန်းမာရေးအတွက်
နေ့စဉ် ပုံမှန်
လမ်းလျှောက်ပါ။

## ဆေးတက္ကသိုလ်(မန္တလေး)ခန္ဓာဗေဒသို့ ခန္ဓာကိုယ်လှူဒါန်း

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ ၂၂လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားနေ ဦးမောင်မောင်လွင် အသက်(၇၄)နှစ်သည် ယနေ့ နံနက် ၁၀ နာရီက ၄င်းကွယ်လွန်ပြီးနောက် ကျန်ရစ်သော မိမိ၏ခန္ဓာကိုယ်အား ဆေးပညာသင်ကြားရေးနှင့် ဆေးပညာတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် လိုအပ်သလိုအသုံးပြုနိုင်ရန်အတွက် ဆေးတက္ကသိုလ်(မန္တလေး)၊ ခန္ဓာဗေဒဌာနသို့ ခန္ဓာကိုယ်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၀)

## အောင်လံမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားပြီး အောင်လံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသိန်းဦးက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် ၂၀၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
အာကာ(ပြန်/ဆက်)





## ရွှေဟသာ် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**တန့်ယန်း ဇွန် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ် အောင်မင်္ဂလာ ကျောင်းတိုက်ကြီးအတွင်း၌ တည်ထားလျက်ရှိသော ဉာဏ်တော် ၈၁ ပေရှိသည့် ရွှေဟသာ်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အောင်မင်္ဂလာကျောင်းတိုက် ရွှေဟသာ်စေတီတော်၌ ကျင်းပသည်။

အခမ်းအနားကို တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တသုခမိန္ဒ၊ ကိုင်းကုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၊ မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောလိယနှင့် ဆရာတော်ကြီးများတို့က ဦးဆောင်၍ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ပြည်သူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား တင်လှူပူဇော်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပါဠိသဒ္ဒါပညာရှင်ရွေးချယ်စာမေးပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၁၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၆၂ လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ စလင်းဝိဘင္ဂဝါဒီစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ မဟာထေရ်မြတ် ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်၊ ၈-၈-၂၀၂၅ ရက်၊ သောကြာနေ့တွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ရာ စာမေးပွဲဝင်ရောက်ဖြေကြမည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ စာရင်းပေးသွင်းရမည် ဖြစ်သည်။

အစိုးရ ဓမ္မာစရိယ၊ ငယ်၊ လတ်၊ ကြီး စတဲ့ စာမေးပွဲတွေက ငလျင်ကြောင့် ရက်ရွှေ့သွားတော့ ဘုန်းကြီးတို့ ပါဠိသဒ္ဒါစာမေးပွဲကို စာဖြေသံဃာတွေ အဆင်ပြေဖို့ ရည်ရွယ်ပြီး ရက်ရွှေ့ခဲ့တာပါလို့ ဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသက မိန့်ကြားသည်။

ယခင်က ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်တွင် ကျင်းပသွားမည်ဟု ကြေညာထားသည်ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လကွယ်၊ ၂၂-၈-၂၀၂၅ ရက်၊ သောကြာနေ့သို့ ပြောင်းရွှေ့ကျင်းပသွားမည် ဖြစ်သည်။

အခုလို ရက်ရွှေ့သွားတာ အဆင်ပြေတယ်။ အစိုးရစာမေးပွဲပြီးတော့ သဒ္ဒါစာမေးပွဲအတွက် သီးသန့်အချိန်ပေးပြီး စိတ်နှစ်နိုင်တာပေါ့လို့ စာဖြေဆရာတော် ဘဒ္ဒန္တဝါယမက မိန့်ကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေးဒေသကောလိပ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား မြန်မာနှစ်ဦးဂါရဝပြုငွေနှင့် ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဇွန် ၁၃**

မန္တလေးဒေသကောလိပ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား မြန်မာနှစ်ဦးဂါရဝပြုငွေများကို ဇွန် ၁၂ ရက်က မန္တလေးခရိုင်အတွင်းရှိ နေအိမ်များသို့ မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကန်တော့ခံ ဆရာကြီး၊ဆရာမကြီး တစ်ဦးလျှင် ဂါရဝပြုငွေကျပ် နှစ်သိန်းစီကို အိမ်တိုင်ရာရောက် ဂါရဝပြုထောက်ပံ့ပေးအပ်ကြသည်။



အလားတူ မန္တလေးဒေသကောလိပ် All Regional ကန်တော့ခံဆရာမကြီး ဒေါ်ခင်လေးဆွေ(စိုက်ပျိုးရေး)သည် မျက်စိခွဲစိတ်ကုသမှုခံယူထားရသဖြင့် မန္တလေးဒေသကောလိပ် ဆရာ၊ ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီမှ ဆရာမကြီးနေအိမ်သို့ သွားရောက်တွေ့ဆုံ ကျန်းမာရေး မေးမြန်းအားပေးခဲ့ကြပြီး မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်း ၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေကျပ် လေးသိန်း၊ တပည့်များ၏ သီးခြားကန်တော့ငွေကျပ် ၂၆၀၀၀၀၊ ကျန်းမာရေးအထောက်အကူပြုနှစ်ဦးဂါရဝပြုငွေကျပ် နှစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၈၆၀၀၀၀ ကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၅)**

၀-၀-၀-၀-၀-၀-၀



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ကျွဲဆည်ကန်ရပ်နေ နန်းအိအိကျော်၏ (၄၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ငါးသိန်းငါးသောင်းကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။ (ကဆ)**

## ငလျင်ဘေးသင့်ပြည်သူများအား ကူညီလှူဒါန်း

**မန္တလေး ဇွန် ၁၃**

မန္တလေး ယုနန်ဗုဒ္ဓဘာသာ ဘုရားကျောင်း မြန်မာပြည်ဖွား တရုတ်လူမျိုးနွယ်စုနှင့် စေတနာအလှူရှင်များ စုပေါင်း၍ မန္တလေး ငလျင်ဘေးသင့် ပြည်သူများကို ကူညီထောက်ပံ့လှူဒါန်းလျက်ရှိရာ ကျန်ရှိသော နေရာများသို့ ဆက်လက်လှူဒါန်းကြသည်။

မန္တလေး၊ ၇၅လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ စိတ္တရမဟီ ရပ်ကွက်ရှိ ဆုတောင်းရမြတ်စွာဘုရားရင်ပြင်၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ က အိမ်ထောင်စု ၃၃၃စုနှင့် မန္တလေး၊ အနောက်မြို့ပတ်လမ်း၊ ဇရာထွန်း၊ တိုက်အမှတ်(၇)၊ တိုက်အမှတ်(၈)ကြား၊ သံလျက်မော်တောင်ရပ်ကွက်ရှိ ဇရာမေတ္တာလူမှုကူညီရေးအသင်း၌ အိမ်ထောင်စု ၆၈၅ စုတို့အတွက် ခြောက်ပြည်ဝင် ဆန်အိတ်တစ်အိတ်၊ ဆီတစ်ဘူး၊ ကုလားပဲအိတ် အသေးတစ်အိတ်စီကို ယုနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့များက ကူညီထောက်ပံ့လှူဒါန်းကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၁)**

၀-၀-၀-၀-၀-၀-၀



## မန္တလေးမြို့ပေါ် ဆေးရုံကြီးနှစ်ခုရှိ လူနာများသို့ ထမင်းဘူးနှင့် သောက်သုံးရေများ ကုသိုလ်ပြု လှူဒါန်း

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့ပေါ်ရှိ ဆေးရုံကြီးနှစ်ခုဖြစ်သော ကန်တော်နဒီဆေးရုံ၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံများသို့ ဇွန် ၁၀ ရက် နံနက်ပိုင်းက မနော်ကြာဖြူ သွေးလှူရှင်နှင့် ပရဟိတအသင်း(မန္တလေး)မှ ထမင်းဘူးနှင့် သောက်ရေသန့်များ သွားရောက်လှူဒါန်းခဲ့ကြသည်။

ကုသိုလ်ပြုလှူဒါန်းမှုတွင် ခုနစ်ရက်သား၊သမီးအလှူရှင်များကိုယ်စား မနော်ကြာဖြူ သွေးလှူရှင်နှင့် ပရဟိတအသင်း(မန္တလေး) အတွင်းရေးမှူး ကိုစိုး(မနော်ကြာဖြူ)နှင့် အမှုဆောင်အသင်းသူ၊ အသင်းသားများက အဆိုပါ ဆေးရုံကြီးနှစ်ခုတွင် တက်ရောက်ကုသလျက်ရှိသော လူနာ ၄၇၆ ဦး အတွက် စုစုပေါင်း ထမင်းဘူး ၄၇၆ ဘူးနှင့် သောက်ရေသန့် ၄၇၆ ဘူးတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၇ဝ)**

၀-၀-၀-၀-၀-၀-၀



# KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ ခြောက်ဦး သေဆုံး

နေပြည်တော် ဇွန် ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက်လေးနှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ဘော်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၇၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့အရပ်သားပြည်သူသုံးဦးသေဆုံးပြီး အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူသုံးဦး လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးအား ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်ရှိသူများက ပို့ဆောင်စဉ် ရရှိသောဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား ထောက်ခံအားပေးမှု မရှိသည့် မြို့/ရွာ/ရပ်ကွက်များအတွင်းသို့ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ မကြာခဏ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဆန့်ကျင်ရွံရှာလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ



ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ခရီးသွားပြည်သူများ စီးနင်းလာသည့် မော်တော်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် ဇွန် ၁၃

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန်ရည်ရွယ်၍ လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာ သွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

## လိုအပ်သည့်ဆေးဝါးကုသမှုများခံယူ

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့မှ ကျိုက်ထိုမြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်း မျိုးမင်းခန့် မောင်းနှင်ပြီး ခရီးသွားပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ စီးနင်းလိုက်ပါလာသော WISH အမျိုးအစား မော်တော်ယာဉ်ကို ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား တာဝန်ရှိသူများက ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများက တပ်မတော်ယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်စဉ် အရပ်သားများ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား မိုင်းစထိမှန်ခဲ့ပြီး အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်သတင်းထုတ်ပြန်မှုများရှိနေသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာနေသည့်လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံထောင်ခြင်း၊ အဝေးမှမိုင်းဆွဲတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ မကြာခဏပြုလုပ်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ မကြာခဏ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့မြင်ရစဉ်။









KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက် ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်နံပါတ်(၁၀၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀×၄၅ ပေ)အကျယ်အဝန်းရှိ ဦးသိန်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စောဝါဝါလွင်(ဘ)ဦးခင်မောင်ဝင်း(၅/ဟမလ(နိုင်)၀၄၅၄၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၉)၊ ဦးပိုင်နံပါတ်(၁၃၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စော(ဘ)ဦးရုတ်ချန်(၁၃/နခန(နိုင်)၀၃၅၉၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးသန်းလွင်နှင့် ဦးအောင်ငွေတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းဇော်ဦး(ဘ)ဦးကျင်သန်း(၉/ခမစ(နိုင်)၀၀၁၃၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၄)၊ ဦးပိုင်အမှတ်(၁)၊ ၂၂လမ်းနှင့်၂၆လမ်းကြား၊ ကမ်းနားလမ်းနှင့် သင်္ဂဇာချောင်းလမ်းကြားရှိ မောင်စံဝင်း၊ မောင်ဘကြွယ်၊ မစောရင်၊ မောင်လှဖေတို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၆၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးချစ်ကိုကို(၉/မနတ(နိုင်)၀၇၉၃၆၆)၊ ဒေါ်ခင်ချောချောသွင်(၉/မနတ(နိုင်)၀၇၉၃၆၇)တို့က အမှုတွဲအမှတ်(၀၀၄၇/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၇)၊ ဦးပိုင်အမှတ်(၃၃)၊ ၃၃လမ်း၊ ၈၉လမ်းနှင့်လမ်း ၉၀ကြားရှိ ဦးကျော်ရှိန်၊ ဒေါ်ခင်ငွေရီ(ခ)ဒေါ်ငွေရီတို့ (၂)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးကျော်ရှိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၈၁၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ငွေရီ(ခ)ဒေါ်ငွေရီ(၉/မနတ(နိုင်)၀၁၁၂၆၂)က အမှုတွဲအမှတ်(၀၀၄၈/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ် (၄၃-ဆ)၊ ၈၃လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မိခင် ဒေါ်ယာစမင်း(ခ)ဟေမာဝင်း (၁၃/ကမန(နိုင်)၀၀၈၇၄၇)မှ သားဖြစ်သူ ဦးစိုးဇာနည်ဝင်း (ခ)ရီသ်ဝါန်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၁၆)၊ ဦးပိုင်အမှတ်(၆)၊ ၅၁လမ်းနှင့်လမ်း၃၀ထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဂျာလု(ခ)မြင့်အိုက်(၉/မရမ(နည်))၀၀၀၃၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့် ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် RC(၈)ထပ်ဆောင်အမိုးပြင်ပေါ်တွင် ရေကန်အသစ်ဝယ်ယူတပ်ဆင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူတပ်ဆင်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - (၁၂-၆-၂၀၂၅)ရက်မှ (၂၅-၆-၂၀၂၅)ရက်ထိ |
| (ခ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၂၅-၆-၂၀၂၅)ရက်၊ (၁၆း၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - (၂၇-၆-၂၀၂၅)ရက်၊ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (င) | တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း | - ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ) |

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၅၃၇၂၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့် ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မန္တလေး(၆)မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် သံမဏိပစ္စည်း(H Beam,I Beam)များအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - (၁၂-၆-၂၀၂၅)ရက်မှ (၂၅-၆-၂၀၂၅)ရက်ထိ |
| (ခ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၂၅-၆-၂၀၂၅)ရက်၊ (၁၆း၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - (၂၇-၆-၂၀၂၅)ရက်၊ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (င) | တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း | - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) |

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၀၁၂၄၇၊ ၀၉-၇၉၈၅၄၄၉၁၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄၅)၊ ဦးပိုင်နံပါတ်(၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးစံကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိခိုင်ဝင်း(ဘ)ဦးကိုကိုအောင်(၉/ပကခ(နိုင်)၀၂၀၇၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/၄)၊ ဦးပိုင်နံပါတ်(၈၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှဲလှဲမော်(ဘ)ဦးတင်ငွေ(၉/မရတ(နိုင်)၀၄၅၁၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်မြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(B-2)၊ ဦးပိုင်အမှတ်(B-2/9)၊ ဧရိယာ(၀ ဒသမ ၃၄၀၂)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဒေါ်ခင်မြင့်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး(၉/မမန(နိုင်)၀၂၄၄၄၅)ထံမှ ကျွန်တော် ဦးကျော်ဇင်သိန်းက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်သိန်း(ဘ)ဦးအေးကေအဟူရာဂျာ**

**(၉/မကန(နိုင်)၀၉၃၄၃၀)**

**၁၅လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၀၁၆၆၊ ၀၉-၂၀၁၉၀၃၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၄)၊ မောင်သိန်းအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား လွန်ခဲ့သော(၂၀၁၅)ခုနှစ်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် လိုအပ်သည်များကို ဆောင်ရွက်လျှောက်ထားခဲ့ပါသည်။ ထိုသို့ လျှောက်ထားမှုနှင့်ပတ်သက်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ(၂၃-၇-၂၀၁၅)နှင့် (၂၆-၇-၂၀၁၅)ရက်တွင် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာစာထည့်သွင်းခဲ့ပါသည်။

(၂၃-၇-၂၀၁၅)နှင့် (၂၆-၇-၂၀၁၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ ကြော်ငြာစာတွင် အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၄)ဟူ၍ ပါရှိသွားသဖြင့် (၂၇-၇-၂၀၁၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၌ ပြင်ဆင်ဖတ်ရှုရန်ဟူသော ခေါင်းစဉ်ဖြင့် အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၄)ခဲစင်းဟူ၍ ပြန်လည်ပြင်ဆင်ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် အထက်ပါဦးပိုင်အမှတ်(၈၄)ခဲစင်း မြေကွက်အစိတ်အပိုင်းကိုသော်လည်းကောင်း၊ ဦးပိုင်အမှတ်(၈၄)တစ်ခုလုံးကိုသော်လည်းကောင်း၊ ဒေါ်ချိုမှ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ကျွန်ုပ်အမှုသည် ဒေါ်ချို၏ ပြောကြားချက်အရ သိရှိခဲ့ရပါသည်။

သို့ဖြစ်ရာ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၄)နှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးများတွင် ယခုအချိန်တွင် အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် ကျွန်ုပ်အမှုသည် ဒေါ်ချိုမှ ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ချို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဖြူအောင် (LL.M)** **ဒေါ်ဖြိုးဝေလှိုင် (LL.B)**

**စဉ်-၉၄၀၄** **စဉ်-၁၄၆၉၇**

**တရားလွှတ်တော်ရှေ့နေများ**

**ရုံးခန်း- ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၂၅၉၀)ဧက အကျယ်အဝန်းရှိ မောင်သိန်းအမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ ခဲစင်းပြဇရိယာ(၀ ဒသမ ၀၃၉)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) ဆက်လက်သုံးစွဲခွင့်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချို(ဘ)ဦးဘရှိန်(၅/ဆလက(နိုင်)၀၉၅၄၄၇)က (၅-၁-၂၀၁၂)ရက်က ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပါသည်။ အဆိုပါမြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်မူရင်းများမှာ လွန်ခဲ့သည့်(၂၀၁၅)ခုနှစ်ကတည်းက ကျွန်ုပ်အမှုသည်၏ လက်ဝယ်တွင် ပျောက်ဆုံးသွားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင်(၂-၁၂-၂၀၁၅)ရက်တွင် ပျောက်ဆုံးကြောင်း ကျမ်းကျိန်ချက်ပြုလုပ်ထားပါသည်။ အထက်ပါမြေကွက်အစိတ်အပိုင်းနှင့် အဆောက်အအုံတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့်အရပ်ရပ်အားလုံးတို့မှာလည်း ဒေါ်ချို၏ စီမံခန့်ခွဲမှုလက်အောက်၌သာ ယနေ့အချိန်အထိ လက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် အထက်ပါဦးပိုင်အမှတ်(၈၄)ခဲစင်း မြေကွက်အစိတ်အပိုင်းအား ကျွန်ုပ်အမှုသည်မှ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါဦးပိုင်အမှတ်(၈၄)ခဲစင်း မြေကွက်အစိတ်အပိုင်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားတွေ့ရှိ၍ လက်ဝယ်သိမ်းဆည်းထားသူများရှိပါက ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်အမှုသည်ထံသို့လည်းကောင်း လာရောက်အပ်နှံပေးပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ (၁၄)ရက်ကျော်လွန်ပြီး ရှာဖွေတွေ့ရှိခဲ့ခြင်း၊ လာရောက်အပ်နှံခြင်းများမရှိပါက အထက်ပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ချို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဖြူအောင် (LL.M)** **ဒေါ်ဖြိုးဝေလှိုင် (LL.B)**

**စဉ်-၉၄၀၄** **စဉ်-၁၄၆၉၇**

**တရားလွှတ်တော်ရှေ့နေများ**

**ရုံးခန်း- ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့်(၉/မသန(နိုင်)၂၀၅၁၈၄)နှင့် ဦးယမင်းနောင်(၉/အမရ(နိုင်)၁၁၈၀၉၃)ကိုင်ဆောင်သူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးယမင်းနောင်၏ လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးအစရှိသည့် ကိစ္စရပ်များအားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးမြင့်နှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းအေး (အထက်တန်းရှေ့နေ)**

**၅၄-စီ၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ အောင်ပင်လယ်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၇၇၈၅၈၊ ၀၉-၄၂၀၈၈၇၈၅၅**

## ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၉၂/၂၄ နေ ဒေါ်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၅/ဝလန(နိုင်)၁၁၅၈၆၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်အမှတ်(၂၄)မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအစိတ်ပိုင်း(၁၅×၄၀)ပေ မြေကွက်၏ ဘေးကပ်လျက်တွင်တည်ရှိသော(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် နံကပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်မို့မို့ဝင်းနှင့် ဦးအောင်မျိုးချစ်(ဘ)ဦးဝင်းမြင့်(၉/မဟမ(နိုင်)၀၀၆၈၅၉)တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ်အတွင်း ဖြစ်ထွန်းလာသည့် လက်ထပ်ပွားပစ္စည်းဖြစ်ပြီး ယနေ့အချိန်တွင် ဦးအောင်မျိုးချစ်နှင့် ဒေါ်မို့မို့ဝင်းတို့မှာ လင်မယားချင်း စိတ်သဘောထားတိုက်ဆိုင်မှု မရှိတော့သည့်အတွက် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန်ဆောင်ရွက်လျက်ရှိကာ ဦးအောင်မျိုးချစ်သည် လင်မယားနှစ်ဦးပိုင် အထက်ဖော်ပြပါမြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မို့မို့ဝင်း၏မျက်ကွယ်တွင် ဒေါ်မို့မို့ဝင်း၏ သဘောဆန္ဒမပါဘဲ ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်မို့မို့ဝင်း၏ ပြောကြားချက်အရ သိရှိရပါသည်။ ထိုသို့ လင်မယားနှစ်ဦးပိုင် အထက်ပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်မျိုးချစ်မှ ဒေါ်မို့မို့ဝင်း၏မျက်ကွယ်တွင် ဒေါ်မို့မို့ဝင်း၏ သဘောဆန္ဒတစ်စုံတစ်ရာပါရှိခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ရန် ဆောင်ရွက်နေမှုအပေါ် ဒေါ်မို့မို့ဝင်းမှသဘောမတူ အတည်အလင်း ကန့်ကွက်ပါကြောင်းနှင့် ဒေါ်မို့မို့ဝင်း၏ သဘောတူညီချက်မပါဘဲ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်မပြုလုပ်ကြရန်နှင့် အကယ်၍ ဒေါ်မို့မို့ဝင်းသိရှိခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ခဲ့ပါက ဝယ်ယူသူ၏တာဝန်သာဖြစ်ပြီး ဒေါ်မို့မို့ဝင်းမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**

**ဒေါ်မို့မို့ဝင်း**

**(၅/ဝလန(နိုင်)၁၁၅၈၆၀)**

**ဖုန်း ၀၉-၉၅၅၁၀၀၃၈၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဆွေဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၀)**

**ညည-၅၈/၃၅၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။**

**ဖုန်း ၀၉-၄၀၂၆၅၃၆၃၅၊ ၀၉-၇၉၈၆၆၆၈၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက် အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၁၂၇-ခဲစင်း)၊ ဧရိယာ(၆၅×၃၅)ပေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း(၁၅×၃၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစန်းနိုင်(ဘ)ဦးပွား(၉/အမရ(နိုင်)၀၆၂၀၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သဥ္ဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၃၂၃၇**

## အမည်မှန်

အဘ ဦးအောင်လင်း အမိ ဒေါ်သွဲ့သွဲ့ဝင်းတို့၏ သမီး ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ အ.မ.က စတုတ္ထတန်းမှ မဇာဇာယင်၏ အမည်မှန်မှာ မဇာဇာယဉ်ဖြစ်ပါကြောင်း။

**မဇာဇာယဉ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ်(၁၁၀)၊ ဧရိယာ(၀ ဒသမ ၀၂၉၃)ဧက အကျယ်အဝန်းရှိ ဦးအောင်နိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ ရေ+မီးအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိလက်ရောက် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သည့် ဦးရန်အောင်သိန်း(၉/ပသက(နိုင်)၀၇၈၃၆၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝေလင်းထွန်း (LL.B)** **ဒေါ်နှင်းသက်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၇လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၈၈၀၀၁၀၃၊ ၀၉-၇၉၈၈၀၀၁၀၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၆(B)လမ်းနှင့် ၁၀၃(A)လမ်းထောင့်တွင်တည်ရှိသော အကွက်အမှတ်(ဂဂ-၄)၊ ဦးပိုင်အမှတ်(၄၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲ အဆောက်အအုံ၊ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးအဝါ(၉/မရတ(နိုင်)၀၃၃၇၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာပေသည် လူမျိုး၏ ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်...

❖ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့တက်ရောက်






**နေပြည်တော် ဇွန် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ “Shaping the Future” ကမ္ဘာကြီး၏ အနာဂတ်ကို ပညာရေးဖြင့်ပုံဖော်ခြင်းဟူသောခေါင်းစဉ်ဖြင့် ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ကာဇန်မြို့၌ ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီး Sergey Kravtsov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် IT Park အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သတင်းထောက်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး IT Park အဆောက်အအုံ၌ ဖွင့်လှစ်ထားရှိသည့် ကလေးငယ်များအား ဒစ်ဂျစ်တယ်နည်းပညာ အသုံးချလက်တွေ့လေ့ကျင့်သင်ကြား ပေးလျက်ရှိသော သင်တန်းခန်းမများသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ လုပ်ရှားမှုများ၊ ဒစ်ဂျစ်တယ်ပညာရေးစနစ် ဆောင်ရွက်နေမှုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် “Shaping the Future” ကမ္ဘာကြီး၏အနာဂတ်ကို ပညာရေးဖြင့်ပုံဖော်ခြင်း ဟူသော ခေါင်းစဉ်ဖြင့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Vladimir Putin နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Sergey Lavrov’s တို့က အွန်လိုင်းမှ အမှာစကား ပြောကြားကြသည်။

ယင်းနောက် တာတာစတန်အုပ်ချုပ်ရေးမှူးက ရုရှားနိုင်ငံ သမိုင်းကြောင်းနှင့် သင်ရိုးညွှန်းတမ်းများတွင် သမိုင်းသင်ကြားရေးအရေးပါပုံများကို လည်းကောင်း၊ ပညာရေးဝန်ကြီး Sergey Kravtsov က ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဖိုရမ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် Buryatia သမ္မတနိုင်ငံ ပညာရေးနှင့် သိပ္ပံဝန်ကြီး Pozdnyakov Valery Anatolyevich နှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရေး အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ပြီး Altai State Pedagogical တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် Road Map ကို လက်မှတ်ရေးထိုးခဲ့သည်။

ညပိုင်းတွင် ခေတ္တတည်းခိုရာ Kazan Palace ဟိုတယ် Topaz (Crystal) Hall ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသောညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသော ပညာရေးဝန်ကြီးများ၏ အလုပ်သဘော နံနက်စာသုံးဆောင်ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ကာဇန်မြို့ရှိ Adymnar Secondary School သို့ သွားရောက်လေ့လာရာ ကျောင်း၏တာဝန်ရှိသူများက ကျောင်းအဆောက်အအုံအတွင်း စာသင်ခန်းများ၊ စာကြည့်တိုက်၊ အားကစားခန်းများ၊ စုဝေးခန်းမများနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချသင်ကြားသင်ယူမှု ဆောင်ရွက်ခြင်းများကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာအသင်းက တီမောအသင်းအား ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရ၊ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းနှင့် တွေ့ဆုံမည်



**ရန်ကုန် ဇွန် ၁၃**

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့တွင် ဗီယက်နမ်နိုင်ငံ၌ မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တီမောအသင်းအား ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးကို ပွဲချိန် ၅မိနစ်တွင် စုစုခင်၊ ပွဲချိန် မိနစ် ၂၀တွင် မိုးပွင့်ဖြူ၊ ပွဲချိန် ၂၃မိနစ်တွင် ဒေစီအောင်၊ ပွဲချိန် ၄၁မိနစ်တွင် ပင်မြင့်ယံ၊ ပွဲချိန် ၄၅မိနစ်တွင် ဝင်းစန္ဒာ၊ ပွဲချိန် ၆၇မိနစ်တွင် နှင်းစန္ဒာဝင်း၊ ပွဲချိန် ၇၉မိနစ်တွင် ယမင်းဖြူတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၆မှတ်ဖြင့် အုပ်စု ဒုတိယနေရာမှ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းနှင့် တွေ့ဆုံပြီး လာမည့် ဇွန် ၁၆ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)